# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၂)


### သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)



## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## အာဆီယံတူညီဆန္ဒ (၅)ရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံက (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားထားပါကြောင်း၊ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ (၂) မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ (၃) အကြံပြုချက်များသည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုပြီး အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့ကို အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

### ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

### မိုးပိုလာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

## မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အား ပြန်လည်ရရှိ

မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်နှင့် မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြတ်တောက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားရရှိရေးကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ဓာတ်အားပြန်လည်ရရှိပြီဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ❍

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

*စာမျက်နှာ ၉ ကော်လံ ၅* ✻

#### အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ ရေလှောင်ကန်အတွင်း ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး

## နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံ ရေလှောင်ကန်အတွင်းရှိ ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်လျက်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည်

*စာမျက်နှာ ၈ ကော်လံ ၁* ◆

အထက်ပေါင်းလောင်းရေအားလျှပ်စစ်တမံနှင့်ဆက်စပ်အဆောက်အဦပြပုံ





**ယနေ့ ဖတ်စရာ**

ကျန်းမာရေးနှင့် ညီညွတ်သော မြို့ပြဝန်းကျင် ဖော်ဆောင်ခြင်း — ဆောင်းပါး — စာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပ — ပြည်တွင်းသတင်း — စာ ၈

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဒေသများ သန့်ရှင်းလှပရေး ဆောင်ရွက်

ခရီးသွားလာခြင်းနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြစ်သည်ဟု ဥပဒေတွင်အဓိပ္ပာယ်ဖွင့်ဆိုသည်။ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများမှာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သည်။

ခရီးသွားလုပ်ငန်းများကို အမျိုးအစားအားဖြင့် ခွဲခြားကြည့်ပါက အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဘာသာရေးဆိုင်ရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ အားကစားအခြေပြု ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွားအခြေပြုလုပ်ငန်းများ ဟူ၍ရှိရာ မိမိတို့နိုင်ငံသည် ဖော်ပြပါခရီးသွားလုပ်ငန်းအမျိုးအစားအားလုံး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ ပြည့်စုံသော နိုင်ငံဖြစ်သည်ကို တွေ့ရှိနိုင်သည်။

"ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လိုသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အဦများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများစွာရှိကြောင်း၊ မိမိနိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အဦများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများသည် နိုင်ငံတော်၏ သမိုင်းကြောင်းအစဉ်အလာကြီးမားမှုနှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာမြင့်မားမှုတို့ကို ဖော်ညွှန်းနေခြင်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများစွာကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ကြခြင်းအားဖြင့် ဒေသစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ခရီးသွားဧည့်သည်များ၏ စားသောက်နေထိုင်သွားလာရေးအတွက် အမျိုးအမည်များစွာသော ဝန်ဆောင်မှုလုပ်ငန်းများ ပေးနိုင်သကဲ့သို့ ဒေသထွက် အစားအစာ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အမှတ်တရလက်ဆောင်များ စသည်တို့ ထုတ်လုပ်ရောင်းချနိုင်သည်။ အဆိုပါလုပ်ငန်းများသည် ခရီးသွားဧည့်သည်အမြောက်အမြား ဝင်ရောက်လာသည်နှင့်အမျှ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာကြပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေပိုမိုတိုးတက်ကောင်းမွန်လာစေသည်။ ပြည်ပခရီးသွားလုပ်ငန်းများသည်လည်း ကမ္ဘာ့နိုင်ငံများအကြား အပြန်အလှန်နားလည်မှု၊ ယဉ်ကျေးမှုနှင့် နာမည်ကောင်းသတင်းများ သယ်ဆောင်ပို့ပေးနိုင်ကြသည်။

"အိမ်သာလျှင် ဧည့်လာသည်" ဟူသော ဆိုရိုးစကားနှင့်အညီ သာယာလှပသည့်ဒေသ၊ သန့်ရှင်းသပ်ရပ်သည့် မြို့ရွာ၊ အရသာရှိပြီး နာမည်ကြီးသည့်ဒေသအစားအစာများနှင့် ရင်းနှီးဖော်ရွေသော နှလုံးသားရှိသည့်ဒေသခံများ စသည်တို့မှာ ခရီးသွားဧည့်သည်တို့ကို ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်ရာ မိမိတို့၏ ရပ်ရွာဒေသများကို ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါလှပအောင် ဒေသခံများက ဖန်တီးကြရန်လိုသည်။ မိမိတို့ ဒေသအတွင်းရှိ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဝိုင်းဝန်းဖော်ထုတ်ကြရန်နှင့် မပျောက်ဆုံးမပျက်စီးစေရန်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သည့်အပြင် ဒေသအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန်လည်း လိုသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးလုပ်ငန်းတွင် ပါဝင်သည့်အလျောက် နိုင်ငံအသီးသီးရှိ အစိုးရများ၊ လုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာဖွေရန် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့နိုင်ငံများအလိုက် ရှိနေကြသည့် ခရီးသွားဆွဲဆောင်မှုများကို ကမ္ဘာအရပ်ရပ်ရှိ ခရီးသွားဧည့်သည်များ သိရှိနိုင်ကြစေရန် မီဒီယာနည်းလမ်းအမျိုးမျိုးဖြင့် ကြော်ငြာမြှင့်တင်ဆောင်ရွက်ကြသည်။ ခရီးသွားလုပ်ငန်းအမျိုးမျိုးတို့အတွက် အရင်းအမြစ်များ ကြွယ်ဝစွာ ပိုင်ဆိုင်ထားကြသည့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကိုတည်ဆောက်ကာ ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွား၊ နိုင်ငံ့စီးပွား မြင့်မားနိုင်ပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီကို ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းကို အစမ်းခန့်ကာလ ( ၁ ) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### ၂၃-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇူလိုင် ၂၃** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

### (၂၃-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၇~၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၆၉၂,၅၄၇.၅၄ | ၂၀,၇၈၄,၃၈၈.၅၉ | ၁၃,၉၂၀,၇၂၀.၃၆ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေသြဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စာရေးကိရိယာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၂.၇၂ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၇ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၉၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၉၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၉၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၉၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**“ ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။ ”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❒ *ရှေ့ဖုံးမှ*

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးဇင်မင်းထက်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးဇင်မင်းထက်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရ အသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ် ရယူ အတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံခွင့်ပြုနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လစဉ်စိစစ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm) အပေါ်အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇွန်လအတွက် (၁) လ ထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့်အခွန်ငွေများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (၁) လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်အထိ (၁)လ ထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

❖ *ရှေ့ဖုံးမှ*

သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မှုကြမ်းချပြ အသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒ (ASEAN Consensus) ဖြင့် ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါ။ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အထက်ပါထုတ်ပြန်ချက်(၅) ရပ်တို့နှင့် ပတ်သက်၍ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် အပြန်အလှန်ဆက်နွှယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ရွေးကောက်ပွဲများအား အောင်မြင်စွာ ကျင်းပပြီးစီးပြီးနောက် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ “အာဆီယံ ထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အရေးကြီးအဆိုတစ်ရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက “မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကို အခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော၊ မြန်မာ့ကိုယ်ပိုင်နည်းလမ်း (Myanmar-owned and Myanmar-led approach) ဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ် အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်းဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သည့် ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်၍ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အာဆီယံနှင့် အပြုသဘောဆောင်၍ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်မှုများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အာဆီယံ၏ အခြေခံမူများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးစသည့် အချက်များကို လေးစားလိုက်နာသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံနှင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်**

## ဖြည့်စွက် ဖတ်ရှုပါရန်

**မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး၏ အမည် အပြည့်အစုံမှာ H.E. Mr. Nguyen Anh Duc ဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။** သတင်းစဉ်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်၏နေရာတွင် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန် ထိုင်းနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သော်ဆရလမ် ကို ၁၉၇၅ ခုနှစ် မတ်လ ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ဂျာမန်ဘာသာစကားဖြင့် ဝိဇ္ဇာဘွဲ့၊ ရမ်ခမ်ဟွန် တက္ကသိုလ်မှ ဥပဒေပညာဖြင့် ဝိဇ္ဇာဘွဲ့၊ ဗြိတိန်နိုင်ငံ ဝေါဝစ် တက္ကသိုလ်မှ နိုင်ငံတကာ နိုင်ငံရေးဘောဂဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။

မစ္စတာ သော်ဆရလမ်သည် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုချီမင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး၊ ဆစ်ဒနီမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးနှင့် ဘူဒါပတ်မြို့ရှိ ထိုင်းသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သော်ဆရလမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေ ရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတား အသစ်တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်း အဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းများတွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေ ဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့် တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို စကားရပ်များ အဆင့်ဆင့်အစားထိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများ က ယနေ့အချိန်အထိ တာဝန်များကို ကျင့်သုံးဆောင် ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် "ခရိုင် အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်" ဟူ၍ ပြဋ္ဌာန်းထားရှိမှုနှင့်အညီ နိုင်ငံတော်သမ္မတရုံး ၏ ကြေညာချက်အမှတ် ၈/၂၀၁၁ ဖြင့် မြို့နယ် အဆင့်အုပ်ချုပ်ရေးကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပြီး ခေတ်စနစ်အလိုက် အုပ်ချုပ်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် "မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြား ချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်"ကို ပြည်သူ့ ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်များအရ မြို့နယ်အဆင့် အုပ်ချုပ် ရေးအဖွဲ့အစည်းဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်း များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပါပြဋ္ဌာန်းချက် များသည် ပြည့်စုံလုံလောက်ပြီးဖြစ်ခြင်း၊ ယင်းဥပဒေ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စကားရပ်များအစား ထိုးသည့် ဥပဒေများအရ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအား လုပ်ပိုင်ခွင့် အပ်နှင်းထားပြီးဖြစ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစေ ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြား ချက်များကို ဥပဒေကဲ့သို့ အာဏာတည်စေရန် ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် လတ်တလော ကာလတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေမူကြမ်းရေး ဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။



ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင် မြို့နယ်ရှိ ညောင်စာရေး-တရုတ်မှော်- ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေး ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ရွှေတောင် မြို့နယ် ညောင်စာရေး – တရုတ်မှော် – ကွေ့မလမ်း သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသ ကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၁ မိုင် ၂ ဖာလုံ ရှိပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသား လမ်း ၉ မိုင် ၃ ဖာလုံအနက် ၃ မိုင်မှာ အကျယ် ၁၆ ပေခန့်၊ ၆ မိုင် ၃ ဖာလုံတွင် အကျယ် ၇ ပေခန့်၊ မြေနီ လမ်း ၁ မိုင်တွင် အကျယ် ၁၂ ပေခန့်သာရှိပါသဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းအား ဦးစွာဆောင် ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ကနဦးအနေဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေး သည့်အတွက် ပထမအဆင့်အနေဖြင့် (လှေကြီးစု ကျေးရွာမှ သရက်တပင်ကျေးရွာ) ထိ ၂ မိုင် ၁ ဖာလုံ လမ်းပိုင်းအား မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီ ကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ရာဂီမုန်တိုင်း ကြောင့် ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ငွေးချိုတံတားအား အသစ်တည်ဆောက်ပေးနိုင်ပါရန် သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ကြံခင်းမြို့နယ် ငွေးချိုတံတား သည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထား သော အရှည် ၁၆၄ ပေရှိသည့် သစ်သားကြမ်းခင်း တံတားဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ချောင်းရေများကျဆင်းလာခဲ့ပြီး ဒိုက်များ ပိတ်ဆို့လာကာ တံတားအလယ်ပိုင်းပြတ်ထွက်ပြီး ရေနောက်မျောပါသွားခဲ့ရာ လက်ရှိတွင် ကျေးရွာနှင့် ဌာနပူးပေါင်း၍ အကျယ် ၈ ပေ၊ အမြင့် ၁၈ ပေ ရှိသော ယာယီဝါးတံတား ဆောင်ရွက်ထားရှိပါကြောင်း။

အဆိုပါတံတားကို ဝန်ထောက်ကွင်း၊ ပင်ကတိုင်း၊ ငွေးချို၊ သာပေါင်း စုစုပေါင်းကျေးရွာ ၄ ရွာမှ အသုံးပြု သွားလာကြပါကြောင်း၊ တံတား၏မြောက်ဘက်ရှိ ကျေးရွာ ၃ ရွာတို့အနက်မှ အဝေးဆုံးဖြစ်သော ငွေးချို ကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၂ မိုင် ၂ ဖာလုံသာကွာဝေးပြီး တံတား၏တောင်ဘက်ရှိ သာပေါင်းကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၄ ဖာလုံသာကွာဝေးသည့်အတွက် အဆိုပါတံတား အား အသုံးမပြုဘဲ လမ်းမကြီးဆီသို့ အဆင်ပြေ လွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ တံတားအသစ် တည်ဆောက်ပေးရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါရှိသေးပါ ကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိ တံတားအား လူနှင့်ဆိုင်ကယ်များ သွားလာ၍ရအောင် ပြုပြင်ခြင်းလုပ်ငန်းကို ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ) စိုင်းဆေ ဟန်၏ **ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းပေါ်တွင် အဆင် ပြေစွာပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့်အမြန်လမ်းကြောင်း ဖော်ဆောင်ပေး ရန်၊ ခရီးကုန်ကျစရိတ်ထိန်းချုပ်ရေးအတွက် သယ်ယူ စရိတ်ကျဆင်းအောင် ဆောင်ရွက်ပေးရန်၊ နယ်စပ် ပေါက်ဈေးနှင့် ပြည်တွင်းဝယ်ဈေး ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံး အာမခံ ဈေးနှုန်း သတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့် မြေဩဇာ များကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေး ရန် အစီအစဉ် ရှိ/မရှိ**တို့ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) ကုန်သွယ်မှု လမ်းကြောင်းများတွင် နယ်မြေအေးချမ်းတည်ငြိမ် သည်ဆိုသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် တရားဥပဒေအပြည့်အဝစိုးမိုးမှုရရှိ အောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဝင်ကုန်စည်များ တင်ပို့/တင်သွင်းခြင်းကို စိစစ် ထိန်းကျောင်းခြင်းသည် နိုင်ငံအတွက် အခွန်ဘဏ္ဍာ များရရှိရုံသာမက ပြည်တွင်းထုတ်လုပ်မှုရရှိသော ထုတ်ကုန်များအပေါ် မလိုလားအပ်သော ထိခိုက် နစ်နာမှုများအား ထိန်းချုပ်နိုင်ပြီး ပြည်တွင်းတောင်သူ လယ်သမား၏ ထွက်ကုန်ဈေးကွက်များအပေါ် ရောင်းလိုအား/ဝယ်လိုအားနှင့်အညီ ဈေးနှုန်းဖြစ်ပေါ် စေမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတစ်လျှောက် တရား မဝင်အခွန်ကောက်ခံနေမှုများကို အထောက်အထား များဖြင့် တရားဝင်တိုင်ကြားနိုင်ပြီး ပါဝင်ပတ်သက်သူ များကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း။

သီးနှံများ၏ အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ် ရန်ကိစ္စနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားအခွင့် အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း။

မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်ပေးရန်နှင့် ဈေးနှုန်းသက်သာသည့် မျိုးစေ့ရရှိရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့် ခြံပေါင်း ၄၃ ခြံမှ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံ စုစုပေါင်း ၃၃၄၂ ဒသမ ၆ ဧကစိုက်ပျိုး လျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ပြန်လည်မျိုးစေ့ထုတ်မည့်တောင်သူများ၊ ပုဂ္ဂလိက ကုမ္ပဏီများသို့ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထို့အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခြံ ၁၄၅ ခြံမှ သီးနှံ ၁၀ မျိုးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပွားများရရှိလာသည့် မျိုးစေ့များကို မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ် အသင်းအဖွဲ့များမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ အဖြစ် ဆက်လက်ပွားများပြီး တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိရာ ထပ်မံလိုအပ်သည့်မျိုးများ အတွက် ပြည်ပမှ ဆက်လက်တင်သွင်းရပါကြောင်း။

မြေဩဇာနှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ယူရီးယားမြေဩဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီတို့ ပူးပေါင်း ၍ ကုမ္ပဏီများမှသွင်းအားစုများကို ဈေးနှုန်းကြီးမြင့် စွာဖြင့် ရောင်းချမှုများမရှိစေရေးအတွက် ကြီးကြပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှထုတ်လုပ်သော ယူရီးယားဓာတ်မြေ ဩဇာများအား ဓာတ်မြေဩဇာခွဲတမ်းသတ်မှတ်ရေး ကော်မတီမှလည်း ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင် ခြံ/ စိုက်ကွင်းများ၊ ဒေသခံမျိုးစေ့ ထုတ်လုပ်သူများအစုအဖွဲ့များမှ ထုတ်လုပ်ဖြန့်ဖြူး သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုံးစွဲနိုင်သကဲ့ သို့ သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာ သုံးစွဲမှုလျှော့ချပြီး ဒေသတွင်းတွင်ထုတ်လုပ်သည့် မြေဩဇာများကို ဓာတ်မြေဩဇာနှင့် ပေါင်းစပ်သုံးစွဲ ခြင်းဖြင့် ပြည်ပတင်သွင်းမှုကိုလျှော့ချနိုင်ပြီး တစ်ဖက် တစ်လမ်းကလည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ပါးသက်သာစေမည်ဖြစ်သည့်အတွက် တရား မဝင်ကုန်စည်များ ဝင်ရောက်မှုများအား တည်ဆဲ ဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက် တားဆီး ထိန်းကျောင်းခြင်းဖြင့် သယ်ယူစရိတ်လျော့နည်းစေ ရေး၊ ဈေးနှုန်းကွာဟမှုမရှိစေရေး၊ ဈေးနှုန်းသက်သာ သည့် မျိုးစေ့နှင့်မြေဩဇာရရှိရေးကိစ္စရပ်များ ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ် များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိ စေမှုနှင့်အတူ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ အကျိုး တူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုး ရေးဇုန် (Rice Export Zone – REZ) စီမံကိန်းကို အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှု ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့်ဆန်များထုတ်လုပ်ရန်၊ ပို့ကုန် ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်၊ ဇာစ်မြစ်ခြေရာခံနိုင်မှု (Traceability)၊ အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများ သေချာစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက်အမြောက် အမြား စဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ရောင်းချနိုင် ရန် ရည်ရွယ်၍ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင် ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအစီ အစဉ်အနေဖြင့် Exporter ကုမ္ပဏီက တစ်ကေလျှင် ငွေကျပ် ၂ သိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မှ ငွေကျပ် ၂ ဒသမ ၅ သိန်းအား Exporter ကုမ္ပဏီမှ တစ်ဆင့် တောင်သူများအား တစ်ကေလျှင် စိုက်ပျိုး ထုတ်လုပ်မှုစရိတ်ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်း ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအဖြစ် ငွေကျပ် ၃ သိန်းဖြင့် စုစုပေါင်း တစ်ကေလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်းချေးငွေအဖြစ် ထုတ်ချေးပြီး အရင်းအနှီး ရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

REZ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် တစ်ကေ ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်း ချေးငွေရရှိပြီး ချေးငွေအား ထွက်ရှိသည့်စပါးဖြင့် ပြန်လည်ပေးဆပ် နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့် များ၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ ရရှိသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေး

*စာမျက်နှာ ၅ သို့*

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့သို့လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက ဆောင်ရွက်နေသည့် လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများအား အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါ ကော်မတီများတွင် တောင်သူလယ်သမားရေးရာ ကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီများလည်းပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများအနေဖြင့် မိမိတို့၏အခက်အခဲ၊ ဆောင်ရွက်လိုသည့် ကိစ္စရပ်များအား လွှတ်တော်မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါ ကော်မတီများဖြင့် ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တောင်းဆိုသူ ပြည်သူများနှင့် ဆောင်ရွက်ပေးရမည့် အစိုးရအကြား ပေါင်းကူးပေးရသည့် နေရာဖြစ်ပါကြောင်း၊ မိမိတို့၏ အခက်အခဲများကို တင်ပြဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်က အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ လွှတ်တော်အား လာရောက်လေ့လာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူဦးအုန်းဖေစာမူဆုရရှိသည့် စာအုပ်များအား လွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဓါတ်ပုံ)

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့သို့ ပြည်သူများတက်ရောက်လေ့လာ



**နေပြည်တော် ဇူလိုင် ၂၃**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်မှ လေ့လာသူ ၃၁၈ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၂၃**

ဇူလိုင် ၂၃ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၃၆ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၀ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

*စာမျက်နှာ ၄ မှ*

ဆိုင်ရာ နည်းပညာအကူအညီများရရှိခြင်း၊ သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထားသည့် သီးနှံများကို ကာလပေါက်ဈေးထက် ဈေးပိုမိုပေးပြီး ဝယ်ယူပေးခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းရေးဆွဲပြီး အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမားအိမ်ထောင်ဦးစီးများကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေကို အမွေဆက်ခံခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းဖြစ်ပါက အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမွေဆက်ခံခွင့်ရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲထုတ်ပေးရန် လျှောက်လွှာပုံစံ (၉-က)နှင့်အတူ ပုံစံ(၇)မူရင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်၊ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးမှ ထုတ်ပေးထားသော အမွေဆက်ခံခွင့်လက်မှတ် မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) (ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး (၁၅)ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ (၂-ဂ) ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်နိုင်ရန် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း (၃၀)ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ (၇)ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့်တင်ပြလာသည့် အထောက်အထားလက်ခံများကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန် အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမည်ပြောင်းလဲ ဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် (၁၅)ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ ဦးပိုင်လုပ်ကွက်(၁)ခုအတွက် မှတ်ပုံတင်ကြေးကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

ငြင်းပယ်ကြောင်း အကြောင်းကြားချက်ရရှိလျှင် (၁၅)ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုံစံ(၈-ခ)ဖြင့် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကိစ္စရပ်များအတွက် အမည်ပြောင်းပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခံရသူများ စာရင်းပုံစံ(၆-ခ)တွင် မှတ်ပုံတင်ထားရှိရမည် ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် (ပုံစံ-၇)ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ အမည်ပြောင်းလဲနိုင်ရေးအတွက် အထက်ပါလုပ်ငန်းစဉ်များနှင့်အညီသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်းကန်ကြီးအား တူးဖော်ရှင်းလင်း အဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က နောင်တုန်ဟုန်းကန် (အောင်မင်္ဂလာ) ကန်သည် နှစ်ကာလသက်တမ်း ကြာမြင့်ပြီဖြစ်သဖြင့် သဲနုန်းများပို့ချတိမ်ကောကာ ကိုင်းပင်များပေါက်ရောက်နေမှုကြောင့် ရေသိုလှောင်နိုင်မှု လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကန်၏ ရေသိုလှောင်နိုင်မှုကျဆင်းလာခြင်းကြောင့် ကန်၏ပတ်ဝန်းကျင်ဒေသနေပြည်သူများ သောက်သုံးရေရယူနေသော ရေတွင်းများတွင် ရေခန်းခြောက်ခြင်း၊ ကန်၏အနောက်ဘက်ရှိ စိုက်ပျိုးမြေဧက(၃၀)ခန့်မှာ မိုးစပါးစိုက်ပျိုးရေ လုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေ ခက်ခဲမှုမရှိစေရေးနှင့် မြို့သာယာလှပရေးအတွက် နောင်တုန်ဟုန်းကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ကန်အတွင်းရှိ သဲနုန်းဒု ၃ ပေခန့်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ပြုပြင်ရန် လိုအပ်သောအပိုင်းများကို မြေဖို့ပြုပြင်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး ကန်ရေပြင်မြင့်တက်လာချိန်တွင် ကန်ပေါင်ကျိုးပေါက်မှု မဖြစ်ပေါ်စေရန်အတွက် ပိုလျှံရေထုတ်နုတ်ပေးနိုင်ရန် ရေထုတ်ပေါက်တစ်ခု တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နောင်တုန်ဟုန်းကန်အတွင်း လက်ရှိသိုလှောင်နိုင်သည့် ပမာဏ ၁၆ ဧကပေခန့်ရှိရာမှ သိုလှောင်ရေပမာဏ ၄၈ ဧကပေ၊ (ဂါလန် သိန်း ၁၃၀)ခန့်အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တုန်ဟုန်းကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# ကျန်းမာရေးနှင့် ညီညွတ်သော မြို့ပြဝန်းကျင် ဖော်ဆောင်ခြင်း

ဝေဖြိုးအောင်

**၂၁ ရာစုနှစ်သည် မြို့ပြကမ္ဘာကြီးအဖြစ်သို့ လျင်မြန်စွာကူးပြောင်းလာနေသည့် ခေတ်ကာလဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် မြို့ပြဒေသများ၌ မှီတင်းနေထိုင်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ယင်းပမာဏသည် ၇၀ ရာခိုင်နှုန်းအထိ တိုးတက်လာတော့မည် ဖြစ်ပါသည်။**




တောင်ကိုရီးယားနိုင်ငံ ချန်ဝမ်မြို့ကို ကမ္ဘာ့အဆင့်မီ Healthy Eco City အဖြစ် ဆောင်ရွက်ထားရှိမှု။

မြို့ပြဝါဒ စနစ်သည် လူသားတို့အတွက် စီးပွားရေးအခွင့်အလမ်းသစ်များနှင့် လူမှုရေး ဖွံ့ဖြိုးမှုများကို ဆောင်ကြဉ်းပေးနိုင်သည်မှာ အမှန်ပင်ဖြစ်သော်လည်း တစ်ဖက်တွင်လည်း ကြီးမားလှသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ လူဦးရေ အဆမတန်ထူထပ်လာခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းခြင်း၊ စနစ်မကျသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ စိမ်းလန်းစိုပြည်သော နေရာများ တဖြည်းဖြည်း ရှားပါးလာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးသော လူနေမှုပုံစံများသည် မြို့ပြနေပြည်သူလူထု၏ ကျန်းမာရေးနှင့် လူ့သက်တမ်းကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် အဓိကအချက်များ ဖြစ်လာပါသည်။

### ကျန်းမာရေးနှင့်ညီညွတ်သောမြို့ပြ၏ စစ်မှန်သော အနှစ်သာရ

ဤကဲ့သို့သော မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ က ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ 'ကျန်းမာရေးနှင့်ညီညွတ်သောမြို့ပြများ' (Healthy Cities) လှုပ်ရှားမှုကို ကမ္ဘာတစ်ဝန်း စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သော မြို့ပြတစ်ခု ဆိုသည်မှာ ခိုင်ခံ့သော အဆောက်အအုံများနှင့် လှပကျယ်ဝန်းသော လမ်းမကြီးများရှိရုံမျှဖြင့် မပြည့်စုံနိုင်ပါ။ ထိုမြို့အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူလူထုတစ်ရပ်လုံး၏ ကာယ၊ ဉာဏ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေများကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပတ်ဝန်းကျင်ကောင်းများကို စနစ်တကျ ဖန်တီးပုံဖော်ပေးနေသည့် မြို့မျိုးကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

**ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြတစ်ခုတည်ဆောက်ရာတွင် ကျန်းမာရေးကဏ္ဍတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ ကျန်းမာရေးကို သတ်မှတ်ပေးနေသော အချက်များသည် အိမ်ရာ၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေး စသည့် ကဏ္ဍစုံနှင့် ဆက်စပ်နေသောကြောင့် “Health in All Policies” (မူဝါဒတိုင်းတွင် ကျန်းမာရေးကို ထည့်သွင်းစဉ်းစားခြင်း) ချဉ်းကပ်မှုကို မဖြစ်မနေကျင့်သုံးရပါမည်။ ဒေသခံပြည်သူလူထုကိုယ်တိုင် မိမိတို့ မြို့ပြ၏ လိုအပ်ချက်များကို တင်ပြတောင်းဆိုပိုင်ခွင့်နှင့် စီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခွင့်ရှိမှသာ ရေရှည်အောင်မြင်မှုကို ရရှိနိုင်မည်**

စစ်မှန်သော သဘောတရားအရ Healthy City ဟူသည် ပြီးပြည့်စုံသော ကျန်းမာရေး အဆင့်အတန်းကို ချက်ချင်းလက်ငင်းရရှိထားသည့် မြို့ကို ဆိုလိုခြင်းမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေး ပိုမိုကောင်းမွန်လာစေရန်အတွက် မူဝါဒအဆင့်မှသည် မြေပြင်အဆင့်အထိ အစဉ်တစိုက် အားထုတ်ကြိုးပမ်းနေပြီး မိမိတို့တွင်ရှိသော အခြေခံအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနေသော မြို့ပြကို ဆိုလိုခြင်းဖြစ်ပါသည်။

WHO ၏ စံနှုန်းများအရ ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြတစ်ခုတွင် သန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းရှင်းသော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ရှိရမည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲသော ဂေဟစနစ် ရှိရပါမည်။ ထို့ပြင် အပြန်အလှန်ကူညီရိုင်းပင်းပြီး ပဋိပက္ခကင်းဝေးသော လူမှုအသိုင်းအဝိုင်းရှိရန် လိုအပ်သကဲ့သို့ ပြည်သူလူထုကိုယ်တိုင်က မိမိတို့၏ အသက်မွေး

### ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမြှင့်တင်ရေး မဟာဗျူဟာများ

မြို့ပြတစ်ခု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်အတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ကြီး လေးရပ်ရှိပါသည်။ ပထမဦးစွာ **“စိမ်းလန်းစိုပြည်သော နေရာများနှင့် အများပြည်သူ အပန်းဖြေဥယျာဉ်များ”** ဖော်ဆောင်ခြင်းဖြစ်ပါသည်။ မြို့ပြစီမံကိန်းများတွင် သစ်ပင်ပန်းမန်များနှင့် ပန်းခြံများ ထည့်သွင်းတည်ဆောက်ခြင်းသည် မြို့အလှအပအတွက်သာမက ပြည်သူ့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ စိမ်းလန်းသော ပတ်ဝန်းကျင်သည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပေးပြီး အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသည့်အတွက် လေထုညစ်ညမ်းမှုကို လျော့နည်းစေသည့်အပြင် မြို့ပြနေလူထု၏ စိတ်ဖိစီးမှုများကို လျော့ကျစေပြီး စိတ်ကျန်းမာရေးကို များစွာကောင်းမွန်စေကြောင်း သုတေသနများစွာက သက်သေပြထားပါသည်။

ဒုတိယအနေဖြင့် **“သန့်ရှင်းသော သောက်သုံးရေ၊ မိလ္လာစနစ်နှင့် ရေဆိုးသန့်စင်မှု”** ဖြစ်ပါသည်။ ကူးစက်ရောဂါများ ကာကွယ်ရန်အတွက် သန့်ရှင်းသော သောက်သုံးရေကို မြို့ပြနေလူထုအားလုံး အလွယ်တကူ လက်လှမ်းမီရရှိရန် စီမံရပါမည်။ စနစ်ကျသော မိလ္လာမြောင်းစနစ်နှင့် ရေဆိုးသန့်စင် ဝမ်းကျောင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် တက်ကြွစွာ ပါဝင်ခွင့်ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် အစားအစာ၊ ရေ၊ အိမ်ရာ၊ အလုပ်အကိုင်၊ စနစ်ကျသော အမှိုက်သိမ်းစနစ်နှင့် ဘေးကင်းလုံခြုံမှု စသည့်အခြေခံလိုအပ်ချက်များကို မြို့သားအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်ရန် ဖန်တီးပေးထားရမည် ဖြစ်ပါသည်။

စနစ် မရှိပါက ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ သမိုင်းတစ်လျှောက် ပြန်လည်ဆိုးရွားလာနိုင်ပါသည်။

တတိယအချက်မှာ **“အစိုင်အခဲစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု”** ဖြစ်ပါသည်။ စနစ်ကျသော အမှိုက်စွန့်ပစ်မှုစနစ်သည် မြို့ပြသန့်ရှင်းရေးအတွက် သော့ချက်ဖြစ်ပါသည်။ ရပ်ကွက်အလိုက် အမှိုက်များကို ခွဲခြားစွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် အမှိုက်ပုံများမှတစ်ဆင့် ပိုးမွှားများနှင့် ရောဂါများ ပျံ့နှံ့မှုကို အောင်မြင်စွာ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

စတုတ္ထအချက်မှာ **“လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် စွမ်းအင်အသွင်ကူးပြောင်းမှု”** ဖြစ်ပါသည်။ မော်တော်ယာဉ်များနှင့် စက်ရုံများမှ ထွက်ရှိသော မီးခိုးငွေ့များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် နှလုံးရောဂါများကို ဖြစ်ပွားစေသောကြောင့် ကျောက်မီးသွေးနှင့် ရေနံအစား ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်များကို ပြောင်းလဲအသုံးပြုရန် လိုအပ်ပြီး လျှပ်စစ်ကား(EV)များ အသုံးပြုမှုကို အားပေးခြင်းဖြင့် လေထုအရည်အသွေးကို သိသာစွာမြှင့်တင်ရပါမည်။

### ခေတ်မီမြို့ပြစီမံကိန်းနှင့် ၁၅ မိနစ်မြို့ပြ သဘောတရား

မြို့ပြပုံစံ စနစ်တကျမရှိဘဲ ကျယ်ပြန့်ချဲ့ထွင်ခြင်းသည် လူထုကို မော်တော်ယာဉ်များအပေါ်၌သာ ရာနှုန်းပြည့်မှီခိုစေပြီး ကိုယ်လက်လှုပ်ရှားမှုကို နည်းပါးစေကာ ကျန်းမာရေးထိခိုက်စေပါသည်။ ထို့ကြောင့် ခေတ်မီ Healthy City စီမံကိန်းများတွင် **“ ၁၅ မိနစ် မြို့ပြ” (15-Minute City)** သဘောတရားကို အထူးကျင့်သုံးလာကြပါသည်။ ဤသဘောတရားမှာ နေအိမ်မှ ထွက်ခွာပါက ၁၅ မိနစ်အတွင်း လမ်းလျှောက်၍ဖြစ်စေ၊ စက်ဘီးစီး၍ဖြစ်စေ မိမိတို့ နေ့စဉ်လိုအပ်သော ဈေး၊ ကျောင်း၊ ဆေးခန်းနှင့် အလုပ်အကိုင်များကို ရောက်ရှိနိုင်သည့်စနစ်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အောက်ပါအတိုင်း အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည် -

| သယ်ယူပို့ဆောင်ရေးကဏ္ဍ | ကျန်းမာရေးအကျိုးကျေးဇူး | ပတ်ဝန်းကျင်အကျိုးကျေးဇူး |
|---|---|---|
| လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်း | နှလုံးနှင့် သွေးတိုးရောဂါ ကာကွယ်ခြင်း၊ ကိုယ်အလေးချိန် ထိန်းညှိခြင်း | ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လုံးဝမရှိခြင်း |
| အများပြည်သူသုံး လျှပ်စစ်ဘတ်စ်ကား/ရထား | ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းခြင်း၊ စိတ်ဖိစီးမှုသက်သာခြင်း | ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှု လျော့ကျခြင်း |
| ကိုယ်ပိုင်မော်တော်ယာဉ် လျှော့ချခြင်း | လမ်းပေါ်တွင် ဘေးကင်းစွာ သွားလာနိုင်ခြင်း | ဆူညံသံညစ်ညမ်းမှု (Noise Pollution) လျော့ကျခြင်း |

### လူမှုရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးဆေးပညာ ကဏ္ဍစုံပေါင်းစပ်မှု

မြို့ပြဒေသအချို့တွင် အာဟာရပြည့်ဝသော လတ်ဆတ်သည့် အသီးအနှံများ ဝယ်ယူရန် ခက်ခဲပြီး အသင့်စားအစားအစာများသာ ပေါများသည့် “Food Deserts” ပြဿနာများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထို့ကြောင့် Healthy City စီမံချက်တွင် မြို့ပြစိုက်ပျိုးရေးကို အားပေးခြင်း၊ ရပ်ကွက်အလိုက် လတ်ဆတ်သော လယ်ယာထွက်ကုန် ဈေးသည်များကို နေရာဖော်ဆောင်ပေးခြင်းတို့ ပါဝင်ရပါမည်။ တစ်ချိန်တည်းတွင် ရပ်ကွက်အခြေပြု ကျန်းမာရေးဆေးခန်းများ အားကောင်းရန်လိုအပ်ပြီး ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းကို အထူးအလေးထားရပါမည်။

ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြတစ်ခု တည်ဆောက်ရာတွင် ကျန်းမာရေးကဏ္ဍ တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ ကျန်းမာရေးကို သတ်မှတ်ပေးနေသောအချက်များသည် အိမ်ရာ၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေး စသည့် ကဏ္ဍစုံနှင့် ဆက်စပ်နေသောကြောင့် **“Health in All Policies”** (မူဝါဒတိုင်းတွင် ကျန်းမာရေးကို ထည့်သွင်းစဉ်းစားခြင်း) ချဉ်းကပ်မှုကို မဖြစ်မနေကျင့်သုံးရပါမည်။ ဒေသခံပြည်သူလူထုကိုယ်တိုင် မိမိတို့ မြို့ပြ၏ လိုအပ်ချက်များကို တင်ပြတောင်းဆိုပိုင်ခွင့်နှင့် စီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိမှသာ ရေရှည်အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတကာ၏ အောင်မြင်သော Healthy City ဖြစ်ရပ်လေ့လာချက်များ

ပထမဖြစ်ရပ်အဖြစ် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ (Chiang Mai)ကို လေ့လာကြည့်ပါက ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရင်း မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် လမ်းလျှောက်ရန် ဘေးကင်းသော လမ်းမများကို အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြပတ်ဝန်းကျင် (Age-friendly City) ဖန်တီးရန် သက်ကြီးရွယ်အိုများ လေ့ကျင့်ခန်းပြုလုပ်နိုင်သည့် ပန်းခြံများနှင့် ရပ်ကွက်အခြေပြု အခမဲ့ကျန်းမာရေး စစ်ဆေးမှုစနစ်များကို စနစ်တကျဖော်ဆောင်ခဲ့ပါသည်။

ဒုတိယဖြစ်ရပ်အဖြစ် ဗီယက်နမ်နိုင်ငံ ဟူးမြို့ (Hue City) သည် ဂေဟစနစ်နှင့် ခရီးသွားလုပ်ငန်းကို ဟန်ချက်ညီစေသော Eco-Healthy City အဖြစ် ထင်ရှားသည်။ ပါဖြူးမြစ် (Perfume River) နှင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံ၍ စိမ်းလန်းစိုပြည်သော မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ပြီး စက်ဘီးစီးလမ်းကြောင်းစနစ်ကို တိုးချဲ့ကာ ပလတ်စတစ်အမှိုက် လျှော့ချရေးလှုပ်ရှားမှုများကို ခရီးသွားလုပ်ငန်းနှင့် ထိရောက်စွာ ပေါင်းစပ်လုပ်ဆောင်ခဲ့ပါသည်။

တတိယဖြစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံ ချန်ဝမ်မြို့ (Changwon) သည် စမတ်ဂေဟစနစ်နှင့် စက်ဘီးအခြေပြုမြို့ပြအဖြစ် ထင်ရှားပြီး 'Nubija' အမည်ရှိ ပြည်သူသုံး အများပြည်သူ စက်ဘီးစနစ်ကို

*စာမျက်နှာ ၇ သို့*



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်း

**မကွေး ဇူလိုင် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုအသိပညာပေး ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဇော်မိုးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယမန့်နေ့ ညနေပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ရေနံမြေ သခင်ဖိုးလှကြီး ဒိုင်းအလွတ်တန်း ဖိတ်ခေါ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ပွဲစဉ်အဖြစ် PYU FC (ပြည်မြို့) အသင်းနှင့် MMK Sport FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှူသွင်း၊ လေသန့်ရှင်း မခြွင်းရမှာ၊ တောကသာ

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (အင်းတကော်) ၌ ကျင်းပသည့် ကျောင်းသား ကျောင်းသူ ၂၇၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်သည်။

ထို့နောက် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာရှိ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသထွက် နာနတ်သီးများအား ဖျော်ရည်နှင့် ယိုမျိုးစုံထုတ်လုပ်ရောင်းချနိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ထုံးကြီးကျေးရွာအုပ်စု၌ တစ်ရက်လျှင် ကြက်ဥအလုံးရေ ၁၃၅၀၀၀ ခန့် ရန်ကုန်သို့ နေစဉ်တင်ပို့ပေးနေရသည့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ဇင်မိုးခိုင်၏ ဥစားကြက်ကောင်ရေ ၁၉၁၀၀၀ နှင့် အသားတိုးဝက်ကောင်ရေ ၄၂၀၀ ကို အဆင့်မြင့် အအေးခန်းစနစ်ဖြင့် မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကဝမြို့ တံတားကြီးရပ်ကွက်ရှိ ဦးဇော်ရဲနောင်၏ ACP အထည်ချုပ်စက်ရုံ၊ ကဝမြို့နယ်အတွင်း မိုးစပါးပျိုးထောင်ထားရှိမှုနှင့် ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည့် အင်ဂျင်ပါ လက်ဆွဲကောက်စိုက်စက်ဖြင့် စုပေါင်းမိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကဝမြို့ အခြေခံပညာ မူလတန်း(လွန်)ကျောင်း၌ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုပြီးကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကဝမြို့နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ MSMEs လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

အောင်မြင်စွာ တည်ထောင်ကာ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချခဲ့ပါသည်။ ထို့ပြင် မြို့ပြအတွင်း စမတ်ကျန်းမာရေးစင်တာများကို တည်ထောင်ကာ နည်းပညာကိုအသုံးပြု၍ ပြည်သူများ၏ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုကို ဒီဂျစ်တယ်စနစ်ဖြင့် စောင့်ကြည့်ကူညီပေးလျက်ရှိပါသည်။

စတုတ္ထဖြစ်ရပ်အဖြစ် ရုရှားနိုင်ငံ မော်စကိုမြို့ (Moscow) သည် 'Healthy Moscow' စီမံကိန်းကြီးကို ချမှတ်ကာ မြို့ပြပန်းခြံဟောင်းများကို ခေတ်မီအောင် ပြင်ဆင်ခဲ့ပြီး ပြည်သူတိုင်း အခမဲ့အားကစားပြုလုပ်နိုင်မည့် ကွင်းပြင်အားကစားပစ္စည်း (Outdoor Gyms)များကို ရပ်ကွက်တိုင်းတွင် တပ်ဆင်ပေးခဲ့ပါသည်။ ထို့ပြင် ပန်းခြံများအတွင်း ဆေးခန်းငယ်များကို ဖွင့်လှစ်ပေးထားပြီး လမ်းလျှောက်ရင်းသို့မဟုတ် အပန်းဖြေရင်း အခမဲ့အထွေထွေ ကျန်းမာရေးစစ်ဆေးမှုများ ခံယူနိုင်ရန် ဖန်တီးပေးထားပါသည်။

**အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်လမ်းပြမြေပုံ**

မြို့တစ်ခုကို ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြအဖြစ် စနစ်တကျပြောင်းလဲရန်အတွက် ခိုင်မာသောလမ်းပြမြေပုံ လိုအပ်ပြီး အောက်ပါအဆင့်လေးဆင့်ဖြင့် မဟာဗျူဟာကျကျ ဆောင်ရွက်သင့်ပါသည်-

(က) **အခြေအနေကို ဆန်းစစ်ခြင်း။** မိမိတို့မြို့၏ လက်ရှိကျန်းမာရေးအခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်း၊ လေထုအရည်အသွေးနှင့် စိန်ခေါ်မှုများကို အချက်အလက်တိကျစွာ ကောက်ယူသုတေသနပြုခြင်း ၊

(ခ) **နိုင်ငံရေးအရ ကတိကဝတ်ပြုခြင်း။** ဒေသအာဏာပိုင်များနှင့် မူဝါဒ ချမှတ်သူများက Healthy City စီမံကိန်းကို တရားဝင် ဦးစားပေးမူဝါဒအဖြစ် ချမှတ်ပြီး ဘတ်ဂျက်ငွေ သီးသန့်ချထားပေးခြင်း၊

(ဂ) **မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်း။** ရေတို(တစ်နှစ်)၊ ရေရှည်(ငါးနှစ်) စီမံကိန်းများ ရေးဆွဲကာ ကဏ္ဍအလိုက် တာဝန်ယူရမည့်အဖွဲ့များကို စနစ်တကျ တာဝန်ခွဲဝေပေးခြင်း၊

(ဃ) **စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း။** သတ်မှတ်ထားသော ကျန်းမာရေးအညွှန်းကိန်းများ အောင်မြင်မှု ရှိ၊ မရှိ စဉ်ဆက်မပြတ် စစ်ဆေးပြီး ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်း။

ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြတည်ဆောက်ခြင်းသည် ရွေးချယ်စရာ လမ်းတစ်ခုမဟုတ်ဘဲ အနာဂတ်မျိုးဆက်သစ်များ ဘေးကင်းလုံခြုံစွာ ရှင်သန်နိုင်ရေးအတွက် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ စနစ်ကျသော မြို့ပြစီမံကိန်း၊ သန့်ရှင်းသောပတ်ဝန်းကျင်၊ ထိန်းညှိထားသော အမှိုက်သိမ်းစနစ်နှင့် အားလုံးအကျုံးဝင်သော လူမှုစီးပွားစနစ်များ ဟန်ချက်ညီညီ ပေါင်းစပ်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို နမူနာယူ၍ မြန်မာနိုင်ငံရှိ မြို့ကြီးများအနေဖြင့်လည်း မိမိတို့ဒေသ၊ မိမိတို့မြို့ပြ၏ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမည့် ဖွံ့ဖြိုးရေးမဟာဗျူဟာများကို စတင်ရေးဆွဲ အကောင်အထည်ဖော်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့၏ ပြည်သူများ ရောဂါဘယကင်းဝေးပြီး လူဦးရေကုန်ထုတ်စွမ်းအား မြင့်မားကာ ရေရှည်တည်တံ့ခိုင်မြဲသော စမတ်ကျကျ ဖွံ့ဖြိုးတိုးတက်သည့် လူနေမှုဝန်းကျင်ကောင်းများကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



မော်စကိုမြို့၌ Healthy Moscow စီမံကိန်းများ ချမှတ်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။


**မှီငြမ်းကိုးကားစာရင်း**

၁။ World Health Organization. (2020). Healthy Cities: Good Practice Guide in Urban Planning. WHO Regional Office for Europe.

၂။ United Nations Department of Economic and Social Affairs (UN DESA). (2018). World Urbanization Prospects: The 2018 Revision. United Nations.

၃။ Barton, H., & Grant, M. (2006). A health map for the local human habitat. The Journal of the Royal Society for the Promotion of Health, 126(6), 252–253.

၄။ Moreno, C., et al. (2021). Introducing the '15-Minute City': Sustainability, resilience and place-identity in future post-pandemic cities. Smart Cities, 4(1), 93–111.

၅။ Chiang Mai Municipality. (2021). Active Aging and Healthy City Initiative in Northern Thailand. Chiang Mai Government Press.

၆။ Vietnam Ministry of Health. (2022). Eco-Healthy City Framework and Green Spaces Management in Hue City. Hanoi Publications.

၇။ Changwon City Government. (2023). Smart Eco-City and Bicycle Transport System 'Nubija' Annual Report. Changwon Policy Institute.

၈။ Moscow Department of Healthcare.(2022). 'Healthy Moscow' Project: Comprehensive Urban Health Promotion and Public Parks. Moscow Government Report.



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးမည့် Work Plan ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနတွင် Help Line ထားရှိနိုင်ရေး၊ အကြမ်းဖက်ခံရသူအမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center–OSWSC) တွင် ဝန်ဆောင်မှုများ ပံ့ပိုးပေးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနှင့် UNFPA မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယမန်နေ့နံနက်ပိုင်းက Jiegao International Jade & Jewelry Trade Center ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို Jiegao International Jade & Jewelry Trade Center ၌ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Jincheng Dihai ဟိုတယ်၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး ကျောက်မျက်ပြပွဲ ကျင်းပရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်းသည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်မည့် အဓိကပေါင်းကူးတံတားတစ်ခုဖြစ်

**နေပြည်တော် ဇူလိုင် ၂၃**

MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း(MSME Digital Lending Application) သည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာဖြည့်ဆည်းပေးနိုင်မည့် အဓိက ပေါင်းကူးတံတားတစ်ခု ဖြစ်လာမည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည့် MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း (MSME Digital Lending Application) တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်များစွာရှိသည့်အနက် “ငွေကြေးအရင်းအနှီးများ လွယ်ကူမြန်ဆန်စွာ လက်ဝယ်ရောက်ရှိရေး” သည် မရှိမဖြစ် လိုအပ်သောအသက်သွေးကြောတစ်ခု ဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီနည်းပညာ ဒီဂျစ်တယ်စနစ် အသုံးပြုပြီး စာရွက်စာတမ်း အနည်းဆုံးဖြင့် စိစစ်နိုင်မည့် Paperless စနစ်သို့ မဖြစ်မနေ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု MSME Digital Lending Application ကို အကောင်အထည်ဖော် အသုံးပြုခြင်းဖြင့် ယခင်က ရက်သတ္တပတ်ပေါင်းများစွာ (သို့မဟုတ်) လပေါင်းများစွာ ကြာမြင့်ခဲ့သည့် စိစစ်မှုလုပ်ငန်းစဉ်များကို အချိန်တိုအတွင်း မိနစ်ပိုင်း (သို့မဟုတ်) ရက်အနည်းငယ်အတွင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက MSME ဒီဂျစ်တယ်ချေးငွေ အက်ပလီကေးရှင်း အကောင်အထည်ဖော်ရေး၊ Digital Application ၏ Scope သတ်မှတ်ခြင်း၊ အချက်အလက်ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ Data အချက်အလက် လုံခြုံရေး၊ နည်းပညာစံနှုန်းများနှင့် ဒေသန္တရ အခန်းကဏ္ဍပိုင်းတို့ကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးမှ တာဝန်ရှိသူများ၊ နည်းပညာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်အသင်း (MDEA) နှင့် အသင်းအဖွဲ့များမှ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် ရေတိုက်စားမှုမှ ကာကွယ်ရန် ကျောက်ဖြည့်သံခြင်း (Gablon Wall) ကာရံခြင်း

◆ ရှေ့ဖုံးမှ

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့်ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တပ်ဆင်စက်အင်အား စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို ထုတ်လုပ်လျက်ရှိပြီး မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းရေလှောင်ကန်အတွင်း ရေအဆမတန် ဝင်ရောက်ခဲ့ခြင်း၊ တမံ၏ရေပိုလွှဲမှတစ်ဆင့် ရေပမာဏများပြားစွာ ရေကျော်ကျပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တောင်ကျရေနှင့်အတူ သစ်လုံး၊ သစ်တုံးကြီးများ၊ သဲနုန်း၊ ရွှံ့နွံများများပြားစွာ မျောပါလာခဲ့ခြင်း၊ စက်ရုံအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် စက်ရုံအောက်ဘက်မြစ်ကြောင်း တစ်လျှောက်ဝဲ၊ ယာ ကမ်းပါးများ ရေတိုက်စားခံခဲ့ရသဖြင့် စက်ရုံအဝင် ကွန်ကရစ်လမ်းနှင့် ဝန်ထမ်းအိမ်ရာလမ်းများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ သဘာဝဘေးဖြစ်ပွားမှုကြောင့် မြို့ပြတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၂၀ ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည်လည်း အချိန်အတိုင်းအတာ တစ်ခုအထိ လျော့နည်းကျဆင်းခဲ့သည်။

စက်ရုံအတွင်း ဝင်ရောက်နေသော သဲနုန်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဝဲ၊ ယာရှိ ကမ်းပါးများ ပြိုကျမှုကြောင့် မြစ်ကြောင်းအတွင်း ကြမ်းပြင်မြင့်တက်ခဲ့သဖြင့် သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊ တောင်ပြို၊ မြေပြို၊ မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်နိုင်ရန်နှင့် စက်ရုံအဝင်လမ်းဘေးတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်တို့အတွက် ကျောက်ဖြည့်သံခြင်းများချ၍ မြေ၊ ရေကာနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စက်၊ ယာဉ်ယန္တရားများနှင့် လူအင်အားအပြည့်ဖြင့် နေ့ရောညပါ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့ပြင် အထက်ပေါင်းလောင်းရေလှောင်တမံအတွင်းမှ သဲနုန်းများ ဖယ်ရှားရှင်းလင်းရန်၊ သဲနုန်းထပ်မံဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေး အစီအမံများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



ဆောင်ရွက်ဆဲ(မတ်လ၊၂၀၂၅)



ဆောင်ရွက်ဆဲ(မတ်လ၊၂၀၂၅)



ဆောင်ရွက်ဆဲ(နိုဝင်ဘာလ၊၂၀၂၅)



ဆောင်ရွက်ပြီး(မတ်လ၊၂၀၂၆)

# ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ဖက်သဘောတူထားသည့် စီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ၊ တိုင်းဒေသကြီးလေးခု၏ အစီရင်ခံစာများ ထုတ်ပြန်ပြီးစီးမှုနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်များ အပေါ်အခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်နေမှု၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရေး အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

✻ *ရွှေ့ဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဆရာဝန်ရာထူးနှင့် ဆရာဝန် (သွားနှင့်ခံတွင်း) စတင်ခန့် အရာထမ်းရာထူးများအတွက် စိတ်အခြေအနေနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ဆရာဝန်ရာထူး ၁၆၀ နေရာနှင့် ဆရာဝန် (သွားနှင့်ခံတွင်း) ရာထူး ၄၂ နေရာတို့အတွက် လျှောက်ထားသူ ၁၄၂ ဦးအား စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) ၌ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ စိတ်အခြေအနေစစ်ဆေးရေးအဖွဲ့များက ရေးဖြေနှင့် လူတွေ့စိတ်စစ်ဆေးနေမှု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပုဂ္ဂိုလ်များက လူတွေ့စစ်ဆေးမေးမြန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုရန် ရောက်ရှိနေသူများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်အစီအစဉ်တွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အကောင်အထည်ဖော်လျက်ရှိရာ လက်ထောက်ဆရာဝန်ရာထူးနေရာနှင့် လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း) ရာထူးနေရာတွင် ခန့်ထားရန်အတွက် ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများကို နှစ်စဉ်ကြော်ငြာခေါ်ယူ၍ စနစ်တကျရွေးချယ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ခန့်ထားရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်ရှိသော စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်ထားသည့်အတိုင်း ဆက်လက်စစ်ဆေးရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် လေးနှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၈ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၁၇၇၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။



## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း အအေးခန်းစနစ်သုံး ဥစားကြက်မွေးမြူရေးခြံ တည်ဆောက်မည့်လုပ်ငန်းဆောင်ရွက်ရန် လျာထားမြေနေရာ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဇူလိုင် ၂၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာရှိ ဒေသတွင်းကြက်ဥလိုအပ်ချက်ကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရေးနှင့် မွေးမြူရေးကဏ္ဍခေတ်မီတိုးတက်လာစေရေးအတွက် အအေးခန်းစနစ်သုံး ဥစားကြက်မွေးမြူရေးခြံ (Evaporative Cooling Systems Layer Farm) တည်ဆောက်မည့် လျာထားမြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်အအေးခန်း ဥစားကြက်ခြံကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအရည်အသွေးမြင့် ကြက်ဥများကို နေ့စဉ်ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ဥထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သည့်အတွက် ဒေသတွင်းဖူလုံမှုသာမက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် စနစ်တကျအကောင်ထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပေါင်မြို့နယ် ကျုံကဥယျာဉ်ခြံအတွင်း နှစ်(၅၀)သက်တမ်းရှိ မင်းကွတ်ပင်ကြီးများ အောင်မြင်ဖြစ်ထွန်းမှု၊ ကော်ဖီပျိုးပင်၊ ကြက်မောက်ပျိုးပင်နှင့် ဒူးရင်းပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ သဲဖြူကုန်းကျေးရွာရှိ ပဒုမ္မာဆပ်ပြာစက်ရုံ၏ ဆပ်ပြာထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး အရှိန်မြှင့်ဆောင်ရွက်သွားမည်

**ပုသိမ် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ညောင်တုန်းမြို့ရှိ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံနှင့် မအူပင်မြို့ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးရုံများကို ကြည့်ရှုစစ်ဆေးစဉ် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် ဆေးရုံများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံပြီး ဆေးရုံ သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်း မြစ်ရေအခြေအနေ၊ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ ကန်ကြီးထောင့်မြို့၊ ကျောင်းကုန်းမြို့၊ ညောင်တုန်းမြို့နှင့် မအူပင်မြို့တို့တွင် ပြုလုပ်သည့် မြို့အဝင်အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲများကိုတက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## ကွင်းလယ်ကစားသမား ဖိုဒင် မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ်

မန်စီးတီးကွင်းလယ်ကစားသမား ဖီးလ်ဖိုဒင်သည် အီတီဟက်တွင် ၂၀၃၀ ပြည့်နှစ်အထိရှိမည့် လေးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဖိုဒင်၏ ယခင်စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးတော့မည် ဖြစ်သော်လည်း နည်းပြသစ် အန်ဒိုမာရက်စ်ကာလက်အောက်တွင် ယခုလို သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် နည်းပြဟောင်း ဂွါဒီယိုလာ လက်ထက် အသက် ၁၇ နှစ်အရွယ်တွင် ပွဲဦးထွက်ကစားခွင့်ရရှိခဲ့ပြီး လက်ရှိအချိန်အထိ အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၃၆၉ ပွဲ ပါဝင်ကစားထားကာ ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် အက်ဖ်အေဖလား နှစ်ကြိမ် ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားသည်။

၎င်းသည် ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ် ၃၃ ပွဲတွင် မန်စီးတီးအသင်းအတွက် ခုနစ်ဂိုးသွင်းပြီး ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်ထားသည်။

**အောင်ဇော်**

# အေအိုင်နှင့် ကျွန်တော် (၂)

**အယ်ဒီတာတစ်ဦး**

**ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အသက်အရွယ် ငယ်ရွယ်သူများက အေအိုင်နှင့် အတော်ကို ရင်းနှီးကျွမ်းဝင်နေပြီး သူတို့၏ ကိစ္စအတော်များများကို အေအိုင်ဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဆိုလျှင် အေအိုင်က အရာရာဖြစ်သည်။ "ဒီ ဒီဇိုင်းလေးက အေအိုင်နဲ့ ဆွဲထားတာ၊ ဒီကိစ္စက အေအိုင်ကို မေးလိုက်တော့ အဖြေရတာ" စသဖြင့် အေအိုင်ကို အသုံးပြု၊ အသုံးချ၊ အေအိုင်နှင့် ရင်းနှီးကျွမ်းဝင်မှုအပြည့်။**

မိမိလည်း ဆေးရုံ၊ ဆေးခန်းထိ ပြသဖို့ မလိုသည့် အသေးအဖွဲ့သာမန်ကျန်းမာရေးကိစ္စမျိုး၊ စိတ်ဖိစီးမှုတွေများလာသည့် အချိန်မျိုးနှင့် စိတ်ထဲမရှင်းလင်းသည့်၊ မတင်မကျ အဖြေမရသည့်၊ မိမိအကျွမ်းတဝင်မရှိသည့် ကိစ္စများရှိလာချိန်မျိုးတွင် အေအိုင်နှင့် အဖော်ပြုနေသည်ဟု ပြောရလျှင်မမှား။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းတစ်ခုနှင့် ပတ်သက်၍ အဖြေအရ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ပြီး စည်းကမ်းလိုက်နာကြကာ အလုပ်ကြိုးစားလုပ်ကိုင်ပါက ရလဒ်ကောင်းများ ပိုင်ဆိုင်ကြမည်ကို ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း – ဒီမိုကရေစီစနစ်ကို ပြန်လည်တည်ဆောက်နေတဲ့ မြန်မာနိုင်ငံမှာ ပြည်သူတွေ စည်းလုံးညီညွတ်မယ်၊ အလုပ်ကို ကြိုးစားလုပ်ကိုင်မယ်၊ စည်းကမ်းရှိလာမယ်ဆိုရင် ဘယ်အဆင့်ထိ တိုးတက်မြင့်မားလာမလဲ။**

**အဖြေ** – မြန်မာနိုင်ငံတွင် ပြည်သူများ **စည်းလုံးညီညွတ်ခြင်း၊ ကြိုးစားအားထုတ်မှုရှိခြင်း**နှင့် **စည်းကမ်းပြည့်ဝခြင်း** ဆိုသည့် အခြေခံအုတ်မြစ်သုံးခု ခိုင်မာလာပါက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတိုင်းတွင် သိသာထင်ရှားသော တိုးတက်မှုများကို ရရှိလာနိုင်ပါသည်။

အဓိက တိုးတက်ပြောင်းလဲလာနိုင်သည့် အဆင့်များကို အောက်ပါအတိုင်း ရှုမြင်နိုင်ပါသည်–

၁။ **စီးပွားရေးဆိုင်ရာ အဆင့်မြင့်မားလာမှု (Economic Prosperity)**

- ❖ **ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခြင်း၊** စည်းလုံးပြီး တည်ငြိမ်မှုရှိသော၊ စည်းကမ်းပြည့်ဝပြီး လုပ်အားခိုင်မာသော လူ့အဖွဲ့အစည်းသည် ပြည်ပရင်းနှီးမြှုပ်နှံသူများ (FDIs) အကြိုက်တွေ့ဆုံးပတ်ဝန်းကျင်ဖြစ်သည်။
- ❖ **အာရှ၏ စီးပွားရေးအင်အားစု ဖြစ်လာနိုင်ခြင်း၊** မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ၊ ပထဝီဝင်အချက်အချာကျမှုနှင့် ကြိုးစားအားထုတ်သော စည်းကမ်းရှိ လုပ်သားအင်အား ပေါင်းစပ်လိုက်ပါက ဒေသတွင်း (ဥပမာ–စင်ကာပူ၊ ဗီယက်နမ် သို့မဟုတ် ထိုင်းနိုင်ငံတို့ကဲ့သို့) စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားသော နိုင်ငံတစ်နိုင်ငံအသွင်သို့ အဓိက ကူးပြောင်းသွားနိုင်သည်။

၂။ **လူမှုရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာမှု (Social & Living Standards)**

- ❖ **ဆင်းရဲနွမ်းပါးမှုနှုန်း လျင်မြန်စွာ လျော့ချနိုင်ခြင်း၊** ပြည်သူများ အလုပ်ကြိုးစားပြီး စည်းကမ်းရှိရှိ ကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ တစ်ဦးကျဝင်ငွေ (GDP per capita) တိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု ကျဆင်းသွားမည်။
- ❖ **ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ မြင့်မားလာခြင်း၊** နိုင်ငံတော်၏ ဘဏ္ဍာငွေများပြားလာပြီး ပြည်သူ့ဘဝတည်ငြိမ်လာပါက အဆင့်မြင့်ပညာရေးစနစ်နှင့် ခေတ်မီကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူတိုင်း ညီမျှစွာ ခံစားခွင့်ရရှိလာမည်။

၃။ **ဒီမိုကရေစီခိုင်မာရေးနှင့် နိုင်ငံတကာ ဂုဏ်သိက္ခာ (Democratic Consolidation & International Prestige)**

- ❖ **ဒီမိုကရေစီစနစ် ရေရှည်ခိုင်မြဲခြင်း၊** ပြည်သူများ၏ စည်းကမ်းရှိမှုနှင့် တာဝန်သိမှု (Civic Responsibility) သည် အာဏာရှင်စနစ် သို့မဟုတ် အနိဋ္ဌာရုံ ပရမ်းပတာဖြစ်မှုများ ပြန်လည်မပေါ်ပေါက်အောင် တားဆီးပေးသည့် အကောင်းဆုံးဒိုင်းလွှားဖြစ်သည်။
- ❖ **ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော နိုင်ငံဖြစ်လာခြင်း၊** ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းသည့်၊ ဥပဒေစိုးမိုးမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းက လေးစားသမှုဖြင့် ဆက်ဆံလာကြမည်။

၄။ **ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှမှု (Peace & Inclusivity)**

- ❖ **ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိခြင်း၊** တိုင်းရင်းသားအသီးသီး၏ စည်းလုံးညီညွတ်မှုနှင့် မတူကွဲပြားမှုကို လေးစားခြင်းတို့ကြောင့် နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော ပြည်တွင်းပဋိပက္ခများ ငြိမ်းချမ်းသွားမည်။
- ❖ **မျိုးဆက်သစ်များအတွက် ဘေးကင်းသော အနာဂတ်၊** ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကိုင်ရသည့်အဖြစ်မှ မိမိနိုင်ငံအတွင်း၌ပင် ပညာအရည်အချင်းနှင့်အညီ ထိုက်တန်သော အခွင့်အလမ်းများရရှိသည့် ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မည်။

**အနှစ်ချုပ်** – ထိုအချက် သုံးချက် စုစည်းသွားပါက မြန်မာနိုင်ငံသည် **"ဖွံ့ဖြိုးဆဲနိုင်ငံ" (Developing Country) အဆင့်မှ "အာရှ၏ ထိပ်တန်းတိုးတက်ဖွံ့ဖြိုးသော နိုင်ငံ"** (Developed/Emerging Tiger Economy) အဆင့်ထိတိုင် လျင်မြန်စွာ ရောက်ရှိမြင့်မားသွားနိုင်သည့် အလားအလာအပြည့် ရှိပါသည်။

## ချင်းပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**ဟားခါး ဇူလိုင် ၂၃**

ချင်းပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က ပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အလိုက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပြီး ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် အချက်အလက် ကိန်းဂဏန်းများ မှန်ကန်မှုရှိရန် အရေးကြီးကြောင်း၊ မြို့နယ် အလိုက် အခြေခံပညာကျောင်း များ၏ လိုအပ်ချက်များကို လာမည့် အစည်းအဝေးတွင် တင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ် ကြောင်း၊ သို့မှသာ ပြန်လည် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက် ရာတွင် မြို့နယ်အလိုက် အခြေခံ ပညာကျောင်းများ၏ လိုအပ်ချက် များ၊ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် မြို့နယ်ပညာရေး မှူးများက မြို့နယ်အလိုက် ပညာ ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက် များအပေါ် ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်ချက်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**



## ဘားအံမြို့ကို ခရီးသွားမြို့တော်ကြီးဖြစ်စေရေး ဆွေးနွေး

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ကို ခရီးသွားမြို့တော်ကြီး ဖြစ်စေရေး အစိုးရ၊ လုပ်ငန်းရှင်၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များ၊ ဒေသခံ ပြည်သူများအားလုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြစေလို ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ(၂)၌ ကျင်းပသည့်ကရင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီ၏ (၅/ ၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး တွင် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းများ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေ မည့်လုပ်ငန်းများကို ရှောင်ရှား၍ ခရီးသွားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေး၊ သန့်ရှင်းသပ်ရပ် ရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် ခရီးစဉ်ဒေသ များဖြစ်စေရေး၊ ဧည့်ဝတ်ကျေပွန် သော မြို့သူမြို့သား၊ ပြည်နယ်သူ၊ ပြည်နယ်သားများ ဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေး ကြရန် မှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ လွန်းညရေပြာ အိုင်၊ ဖွဲကပင်တောင်၊ ကျောက် ကလပ်၊ တောင်ဝိုင်း၊ ကျုံထော်ရေ တံခွန်၊ ဖောင်တော်ဦး၊ ပဒုမ္မာဂူ၊ ဘုရင့်ညီနောင်ဂူ၊ လင်းနို့ဂူ၊ နောင်ခ လိုဏ်ဂူ၊ ကဏ္ဍာသယဂူ၊ ကြာအင်း တောင်၊ ဗုဒ္ဓဂါယာ၊ ဖားပုတောင်၊ လှာကဒေါင်အင်း၊ လှိုင်ကော့ဖျာ စသည့်နေရာများကို သက်ဆိုင်ရာ ခရီးစဉ်အလိုက် ခရီးသွားများ ပိုမို ဝင်ရောက်စေရေးနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသင့်သည့် လိုအပ် ချက်များကို ဆွေးနွေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






○ *ရွှေဖုံးမှ*

ယနေ့တွင် မတ္တရာမြို့နယ် ဓာတ်အား ခွဲရုံနှင့် ဓာတ်အားလိုင်းများမှ လျှပ်စစ် ဓာတ်အား လွှတ်ပေးခြင်းအခမ်းအနားကို အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်း ဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် မတ္တရာမြို့နယ် တောင်ပြုံး ဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံ တို့မှတစ်ဆင့် ထရန်စဖော်မာ ၁၂၆ လုံး ဖြင့် ဓာတ်အားဖြန့်ဖြူးနေပြီး ဒေသခံ ပြည်သူ ၁၂၀၀၉ ဦးတို့သည် လျှပ်စစ် ဓာတ်အား ပြန်လည်ရရှိပြီဖြစ်ကာ မီးလင်းရန် ကျန်ရှိသည့် ကျေးရွာများ အတွက် လျှပ်စစ်ဓာတ်အား အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ္တရာ မြို့နယ် ဘိုကုန်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်စွက် စာ ကျွေးမွေးနေမှု၊ ကျောင်းဧရိယာ အတွင်း ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် အေးချမ်း ပျော်ရွှင်စွာ ပညာသင်ယူနေမှုကို ကြည့်ရှု အားပေးသည်။

ထို့နောက် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ရွှေကျင်ဂိတ်တွင် လူမျက်နှာ မှတ်သားသိရှိမှုစနစ် (Face Recognition System– FRS) တပ်ဆင် ပြီးစီး၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များနှင့်အတူ ယနေ့ တွင် ဖလမ်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို သွားရောက် ကြည့်ရှုကြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် ပညာရည် မြင့်မား၍ စွမ်းရည်ပြည့်ဝသော မျိုးဆက်သစ်လူငယ်များ ဖြစ်လာ စေရေး၊ ပညာရပ်များ တတ်မြောက် ၍ ကျောင်းဆင်းပြီးသွားပါက မိမိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် ပြန်လည်တာဝန် ထမ်းဆောင်စေရေး၊ နယ်စပ်ဒေသ



တွင်နေထိုင်သည့် တိုင်းရင်းသား ပြည်သူလူထု၏ လူနေမှုအဆင့် အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ် များ ထက်သန်စေရေး ပြုစု ပျိုးထောင် လေ့ကျင့်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ သင်တန်း ကျောင်းအတွင်းရှိ သင်တန်းခန်းမ၊ စားရိပ်သာ၊ အိပ်ဆောင်၊ အုပ်ချုပ်မှု ရုံးခန်း၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းကျောင်း ဖွင့်လှစ်နိုင် ရန် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်း(ဖလမ်း)ကို ၂၀၀၃ ခုနှစ် တွင် ဖလမ်းမြို့ ထေရဝါဒ သာသနာပြုဗဟိုကျောင်း၌ ယာယီ အကြို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဖလမ်းမြို့ ကျင်မွှာလ် ရပ်ကွက်ရှိ ဧရိယာအကျယ် အဝန်း ၇ ဒသမ ၄၅၁ ဧကသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်းနှင့် အလယ်တန်းကျောင်းသား အဆင့် မှ အထက်တန်းကျောင်း ပြီးဆုံး သည်အထိ တာဝန်ယူလေ့ကျင့် ပေးသည့် သင်တန်းကျောင်းဖြစ် ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်သည့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီး ခဲ့သည့် အဆောက်အအုံ များ ပြန်လည်ပြုပြင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်း အဆင့်ဆင့်အကြောင်း သိကောင်း စရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက် အားပေးကြပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (တည် ဆောက်ရေး) ဦးကျော်မင်းအေးက သာမန်ပြုပြင်ခြင်း (Minor Repair)၊ အကြီးစားပြုပြင်ခြင်း (Major Repair)၊ အဆင့်မြှင့်တင် အကြီးစားပြုပြင်ခြင်း (Major Repair and Retrofit) နှင့် အဆောက်အဦအသစ်များ တည် ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာ တွင် လိုက်နာရမည့် ပြုပြင်ခြင်း ဆိုင်ရာ နည်းစနစ်များနှင့် လုပ်ငန်း စဉ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ဌာနဆိုင်ရာ များမှ သိရှိလိုသည်များကို မေးမြန်းမှုအပေါ် အသေးစိတ် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး က အကြမ်းဖက်ဖြစ်စဉ်များ ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည် ပြုပြင်ခြင်း ခန့်မှန်းကုန်ကျစရိတ် တန်ဖိုးများကို သက်ဆိုင်ရာဌာန များက ခန့်မှန်းလျာထားပေးပို့ခဲ့ခြင်း ဖြစ်၍ အမှန်လုပ်ငန်းများ စတင် ဆောင်ရွက်ချိန်တွင် သက်ဆိုင်ရာ ဌာနများမှ အသေးစိတ်ပျက်စီးမှု စာရင်း ပူးတွဲလျက် ခန့်မှန်းခြေ စာရင်းရေးဆွဲ၍ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေး ကော်မတီ၏ စိစစ် အတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားကြရမည် ဖြစ် ကြောင်း ဖြည့်စွက်ပြောကြား ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး သည်။

**သတင်းစဉ်**

# ပျားဝတ်မှုန်ကူးခြင်းနှင့် သီးနှံအထွက်တိုးခြင်း

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

ပျားမွေးမြူရေးလုပ်ငန်းသည် ပျားရည်နှင့် ဖယောင်းထုတ်လုပ်ခြင်း တစ်ခုတည်းအတွက်သာ အရေးပါသည်မဟုတ်ဘဲ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ပျားများသည် သဘာဝ၏ အထိရောက်ဆုံး ဝတ်မှုန်ကူးပေးသော အင်းဆက်များဖြစ်ကြသည်။ ပျားများသည် ပန်းတစ်ပွင့်မှတစ်ပွင့်သို့ ဝတ်ရည်နှင့် ဝတ်မှုန်များ ရှာဖွေစားသောက်စဉ် ဝတ်မှုန်များကို သယ်ဆောင်ပေးပြီး ပင်ခြားဝတ်မှုန်ကူးခြင်းကို ဖြစ်ပေါ်စေသည်။

## ပျားများ၏ ဝတ်မှုန်ကူးခြင်းဆိုင်ရာ ထူးခြားချက်များ

### ပျားခန္ဓာဗေဒနှင့် ဝတ်မှုန်သယ်ဆောင်မှု

ပျားများသည် အခြားဝတ်မှုန်ကူးပေးသော အင်းဆက်များထက် ပိုမိုထိရောက်ရခြင်းမှာ ၎င်းတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် အလုပ်လုပ်ပုံတို့ကြောင့် ဖြစ်သည်။ ပျား၏ ခန္ဓာကိုယ်တွင် အမွေးအမှင်များစွာရှိသောကြောင့် ဝတ်မှုန်များ အလွယ်တကူ ကပ်ငြိနိုင်သည်။ ထို့ပြင် ခြေထောက်ရှိ ဝတ်မှုန်အိတ်များတွင် ဝတ်မှုန်များကို စုဆောင်းသယ်ဆောင်နိုင်သည်။ ပျားများသည် တစ်ကြိမ်အစာရှာထွက်လျှင် ပန်းအမျိုးအစား တစ်မျိုးတည်းကိုသာ အာရုံစိုက်သွားလာလေ့ရှိသဖြင့် ပင်ခြားဝတ်မှုန်ကူးမှုကို အလွန်ထိရောက်စေသည်။

**စနစ်ကျသောသွားလာမှု။** ပျားများသည် တစ်ပွင့်မှ တစ်ပွင့်၊ တစ်ပင်မှ တစ်ပင်သို့ ပုံမှန်စနစ်တကျ ဆက်တိုက်သွားရောက်ခြင်းဖြင့် ကွင်းဆက်ရှိ ပန်းပွင့်အားလုံးနီးပါးကို ရောက်ရှိစေသည်။

**ကျယ်ပြန့်သော သွားလာနိုင်စွမ်း။** ပျားများသည် ပျားအုံမှ ငါးမိုင်(ရှစ်ကီလိုမီတာ)အထိ သွားရောက်နိုင်ပြီး ဧရိယာကျယ်ပြန့်စွာ ဝတ်မှုန်ကူးပေးနိုင်သည်။

**ပျားအရေအတွက် ကြီးမားခြင်း။** ပျားအုံတစ်အုံတွင် ပျားကောင်ရေ ၂၀၀၀၀ မှ ၈၀၀၀၀ အထိ ရှိသည်။ ထို့ကြောင့် တစ်ချိန်တည်းတွင် ပန်းပေါင်းများစွာသို့ ရောက်ရှိကာ ဝတ်မှုန်ကူးပေးနိုင်သည်။

ပျားများသည် ၎င်းတို့ကို စားသုံးရန် သက်သက်သာမဟုတ်ဘဲ ပျားအုံအတွင်းရှိ ထောင်ပေါင်းများစွာသော သားလောင်းများနှင့် ပျားငယ်များစားသုံးရန် အရန်အဖြစ် သိုလှောင်ထားကြခြင်းကြောင့် ပန်းပွင့်များသို့ ပျားများသွားရောက်၍ ဝတ်ရည်နှင့် ဝတ်မှုန်သယ်ဆောင်ခြင်း၊ ပျားမွေးမြူခြင်းကြောင့် အသီးအနှံများ သိသိသာသာ အထွက်တိုးလာခြင်းကြောင့် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံများမှာ ပျားမွေးမြူရေးလုပ်ငန်းကို သိသိသာသာ တိုးတက်များပြားလာကြောင်း တွေ့ရှိရသည်။

### ပျားများကောင်းမွန်စွာ အလုပ်လုပ်နိုင်သော အခြေအနေများ

**အပူချိန် ၆၀°F(၁၆°C) မှ ၁၀၅°F (၄၁°C) အတွင်း။** အပူချိန် ၅၀°F (၁၀°C) အောက်ကျဆင်းပါက ပျားများ၏ လှုပ်ရှားမှု သိသိသာသာ နှေးကွေးသည်။

**လေတိုက်နှုန်း တစ်နာရီ ၁၅ မိုင် (၂၄ km/h) အောက်။** တစ်နာရီ ၂၅ မိုင် (၄၀ km/h) ကျော်ပါက ပျားများ လုံးဝပျံသန်းနိုင်ခြင်း မရှိတော့ပေ။

**နေရောင်ခြည်။** ပျားများသည် နေရောင်ခြည်ကောင်းစွာရသောအချိန်တွင် ပိုမိုတက်ကြွစွာ လှုပ်ရှားတတ်ပြီး လေတိုက်ခတ်မှုကို မနှစ်သက်ပါ။

### သီးနှံအထွက်တိုးရေးအတွက် အရေးပါမှု

လူသားတို့ စားသုံးနေရသော အသီးအနှံများ၏ သုံးပုံတစ်ပုံခန့်သည် ပျားများ၏ ဝတ်မှုန်ကူးခြင်း အပေါ်တွင် တည်မှီနေရသည်။ ပျားများဖြင့် ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံအထွက်နှုန်းကို ၂ ဆမှ ၁၀ ဆအထိ တိုးတက်စေနိုင်သည်။ အထူးသဖြင့် ဆီထွက်သီးနှံများ (နေကြာစေ့၊ မြေပဲ၊ အုန်းသီး) တွင် အဆီပါဝင်မှုနှုန်းကို သိသိသာသာ မြှင့်တင်ပေးသည်။ ဝတ်မှုန်ကူးခံရသော အသီးအနှံများသည် ပုံသဏ္ဌာန်ညီညာပြီး အရသာပိုမိုကောင်းမွန်ကာ သိုလှောင်သက်တမ်း ပိုရှည်သည်။

### သီးနှံအထွက်တိုးပုံ အကြောင်းရင်းများ

**မျိုးအောင်နှုန်း တိုးတက်ခြင်း။** ပျားများသည် ပန်းပွင့်တစ်ပွင့်မှ ဝတ်မှုန်များကို အခြားပန်းပွင့်၏ ဝတ်ဆံမသို့ တိုက်ရိုက်သယ်ယူပေးခြင်းဖြင့် မျိုးအောင်နိုင်ခြေကို မြင့်မားစေသည်။

> “ပျားဖြင့် ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံအထွက်နှုန်း တိုးတက်စေရန်၊ သီးနှံအရည်အသွေး ကောင်းမွန်စေရန်နှင့် စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုရန် မရှိမဖြစ်လိုအပ်သော သဘာဝလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ပျားများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုခြင်းနှင့် စိုက်ပျိုးသူများ၊ ပျားမွေးမြူသူများ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အနာဂတ်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော အချက်များဖြစ်”

**အစေ့အရေအတွက်နှင့် အလေးချိန်တိုးခြင်း။** ဥပမာအားဖြင့် ပန်းသီးတစ်လုံးတွင် ဝတ်မှုန်ကူးခံရသည့် အစေ့အရေအတွက် များလေလေ၊ ပန်းသီး၏ အရွယ်အစားနှင့် အလေးချိန် ပိုများလေဖြစ်သည်။

**အသီးများ တစ်ပြိုင်နက်ရင့်မှည့်ခြင်း။** ပျားများ၏ စနစ်ကျသောသွားလာမှုကြောင့် ကွင်းတွင်းရှိ အပင်အားလုံးနီးပါး တစ်ပြိုင်နက်နီးပါး ဝတ်မှုန်ကူးခံရသဖြင့် အသီးအနှံများ တစ်ပြိုင်တည်း မှည့်လာကာ ရိတ်သိမ်းရန် ပိုမိုလွယ်ကူစေသည်။

**ပုံပျက်သီးများ လျော့နည်းခြင်း။** ဝတ်မှုန်လုံလောက်စွာ မကူးခဲ့သော အသီးများသည် ပုံသဏ္ဌာန်နှင့် အရွယ်အစား မမှန်ဖြစ်တတ်သည်။ ပျားဝတ်မှုန်ကူးခြင်းက ဤပြဿနာကို သိသိသာသာ လျော့ချပေးသည်။

### ဝတ်မှုန်ကူးခြင်းနှင့် ယနေ့အခြေအနေ

ခေတ်မီတိုးတက်လာသော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကြောင့် ဝတ်မှုန်ကူးစေသော အင်းဆက်ပိုးကောင်များသည် တဖြည်းဖြည်းပျောက်ကွယ်လာကြောင်း တွေ့ရသည်။ အဓိက အကြောင်းရင်းမှာ အောက်ပါတို့ ဖြစ်ပါသည်-

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလာခြင်းကြောင့် စိုက်ကွင်းများ၊ ဥယျာဉ်များ တိုးချဲ့လာခြင်းဖြင့် ကန်သင်းရိုး၊ မြေလွတ် မြေရိုင်းများတွင် အသိုက်အအုံဝဆောက်လုပ်နေကြသည့် အင်းဆက်ပိုးကောင်များ၏ အသိုက်အအုံများ ပျက်စီးကုန်ခြင်း၊

(ခ) ပိုးသတ်ဆေးများကို တွင်ကျယ်စွာ အသုံးပြုခြင်းကြောင့် အင်းဆက်ပိုးကောင်များ အစုလိုက် အပြုံလိုက် ပျက်စီးကုန်ခြင်း၊

(ဂ) ချုံနွယ်ပေါင်းပင်များ သေစေရန် ဆေးများ တွင်ကျယ်စွာ အသုံးပြုခြင်းကြောင့် အင်းဆက်ပိုးကောင်များ စားသုံးရန် အစာရှားပါးခြင်း၊

(ဃ) သီးနှံတစ်မျိုးတည်းကို ကျယ်ပြန့်စွာ စိုက်ပျိုးခြင်းဖြင့် ပန်းပွင့်ချိန်တွင် အစာအလျှံပယ်ရနိုင်သော်လည်း ထိုပန်းပွင့်ချိန်ကုန်ဆုံးသော အခါ အခြားပန်းများ ချက်ချင်းမရခြင်းကြောင့် အင်းဆက်များ အစာရှားပါးမှုဒဏ်ခံရပြီး သေဆုံးကုန်ခြင်း။

ခေတ်မီပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပျားအုံများကို စနစ်တကျ စစ်ဆေးကြည့်ရှုခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနိုင်ခြင်းတို့ကြောင့် အင်းဆက်ပိုးကောင်များ ရှားပါးပြီး ဝတ်မှုန်ကူးရန် လိုအပ်သောစိုက်ခင်းများသို့ ပျားအုံများ ရွှေ့ပြောင်းချထားပေးခြင်းဖြင့် ဝတ်မှုန်ကူးရန် ဆောင်ရွက်နိုင်ပေသည်။

စိုက်ခင်းတစ်ခုသို့ ဝတ်မှုန်ကူးရန် ပျားအုံများ ချထားရာတွင် အောက်ဖော်ပြပါ အချက်များပေါ်တွင် မူတည်ချထားရမည်-

(က) စိုက်ခင်းတွင်ရှိအပ်သည့် ပျားများက ဝတ်မှုန်ကူးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။

(ခ) စိုက်ခင်း၏ အကျယ်အဝန်း၊

(ဂ) စိုက်ခင်းအတွင်းရှိ ပန်းပွင့်မှုအခြေအနေ၊

(ဃ) အပင်မှဝတ်ရည်နှင့် ဝတ်မှုန်ရရှိနိုင်မှု အခြေအနေ၊

(င) စိုက်ခင်းအတွင်းရှိ အခြားအင်းဆက်ပိုးကောင်များ၏ အခြေအနေ၊

(စ) ပျားအုံများရွှေ့ပြောင်းချထားရာတွင် ကုန်ကျမည့်စရိတ်နှင့် သီးနှံများ အထွက်တိုး၍ ရရှိသည့် အကျိုးအမြတ်သည် ကာမိခြင်း ရှိ/မရှိ၊

(ဆ) စိုက်ခင်းရှိရာဒေသ၏ ရာသီဥတု အခြေအနေ။

### သီးနှံအထွက်တိုးရန် အသုံးချမည့် ပျားအုံများအား ကြိုတင်ပြင်ဆင်

သီးနှံစိုက်ခင်းတစ်ခုတွင် ဝတ်မှုန်ကူးရန် အသုံးချမည့် ပျားအုံများသည် အင်အားတောင့်တင်းပြီး သီးနှံစိုက်ခင်းဆီသို့ ပျားများအများဆုံးသွားရောက်၍ ဝတ်ရည်နှင့် ဝတ်မှုန်များ သယ်ဆောင်စေရန် အောက်ဖော်ပြပါနည်းများ ဆောင်ရွက်ထားသင့်သည်-

(က) ပျားအုံများကို ဝတ်မှုန်ကူးစေမည့် စိုက်ခင်းနှင့် အနီးဆုံးသို့ ရွှေ့ပြောင်းနေရာချထားရမည်။ ပျားအုံများကို စိုက်ခင်း၏ အနီးဆုံး၌ ရှိခြင်းဖြင့် ပျံသန်းရန် အချိန်ကုန်သက်သာပြီး ရာသီဥတုဆိုးရွားသောအခါ လမ်းခရီး၌ ပျောက်ဆုံးမှုနည်းပါးစေရန်ဖြစ်သည်။

(ခ) ပျားအုံများကို စိုက်ခင်းအတွင်း၌ နေရာချထားရာ၌ တစ်နေရာတည်းတွင် စုပြုံမထားဘဲ စိုက်ခင်းအနှံ့ဖြန့်ချထားရမည်။ ပျားများသည် သဘာဝအားဖြင့် ပျားအုံ၏အနီးရှိ အပွင့်များသာ သွားလေ့ရှိသဖြင့် တစ်နေရာတည်းတွင် စုပြုံချထားခြင်းဖြင့် ၎င်းအနီးရှိ အပင်များကိုသာ ဝတ်မှုန်ကူးစေသည်။ ပျားအုံများ၏နေရာများကို ပျားများ အလွယ်တကူ မှတ်မိစေရန် အရောင်သတ်မှတ်၍ထားခြင်း၊ နေရောင်ခြည်သင့်တင့်စွာရရှိရန် နေရာချထားခြင်း၊ ပူလွန်းသောနေရာတွင် အရိပ်ရစေရန် စီမံပေးခြင်းတို့ ပြုလုပ်ထားသင့်သည်။

(ဂ) ပျားအုံများ ဝတ်မှုန်ကူးစေမည့် စိုက်ခင်းမှ ပန်းများ အစွမ်းကုန်ဖူးပွင့်ချိန်မှ စိုက်ခင်းဆီသို့ ရွှေ့ပြောင်းပေးရမည်။ အကယ်၍ ပျားအုံများ ကြိုတင်နေရာချထားမိပါက စိုက်ခင်းမှ ပန်းများမပွင့်မီ အခြားနေရာရှိ ပန်းများဆီသို့သွား၍ ဝတ်ရည်နှင့် ဝတ်မှုန်များသယ်ဆောင်ခြင်းဖြင့် စိုက်ခင်းရှိပန်းများ ပွင့်သောအခါ ပျားများ အလွယ်တကူပြောင်းလဲရန် လာရောက်ခြင်းမရှိကြောင်း တွေ့ရသည်။

(ဃ) ဝတ်မှုန်ကူးရန် အသုံးပြုမည့်ပျားအုံတွင် ဝတ်မှုန်များ ပိုမိုသယ်ဆောင်ရန် တည်ဆောက်ထားသင့်သည်။ များသောအားဖြင့် ပန်းပွင့်များတွင် ဝတ်မှုန်သယ်ဆောင်သောပျားက ဝတ်ရည်သယ်ဆောင်သောပျားထက် ဝတ်မှုန်ကူးခြင်းကို ပိုမိုဆောင်ရွက်ပေးကြောင်း တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့ကိုယ်ပေါ်ရှိ ထောင်ပေါင်းများစွာသော ဝတ်မှုန်များက ပန်းပွင့်၏ ဝတ်ဆံမထံသို့ ဝတ်မှုန်များ အလွယ်တကူရောက်ရှိစေသောကြောင့် ဖြစ်သည်။

**ဝတ်မှုန်ကို ပိုမိုသယ်ဆောင်ရန် အောက်ပါနည်းများ အသုံးပြုရမည်-**

(က) ပျားအုံတွင် သားလောင်းပေါင်အရေအတွက် များများ ပါဝင်စေရမည်။

(ခ) သားလောင်းပေါင်များသို့ အုံတွင်းရှိပျားများ အလွယ်တကူရောက်ရှိနိုင်ရမည်။ ပျားအိမ် အောက်ဆုံးထပ် ဝင်ပေါက်ထွက်ပေါက်အနီး နေရာချထားရမည်။

(ဂ) ပျားအုံတွင် သကြားရည်တိုက်ကျွေးထားခြင်းဖြင့် ဝတ်ရည်ရှာသော ပျားများသည် သကြားရည် အလွယ်တကူရရှိနေခြင်းကြောင့် ဝတ်ရည်အစား ဝတ်မှုန်ကို ပြောင်းလဲ ရှာဖွေစေသည်။

(ဃ) ဝတ်မှုန်ကူးမည့် စိုက်ခင်းအတွင်းရှိ အပင်များတွင် ဝတ်မှုန်များ ရင့်မှည့်ခြင်းမပြုမီ ပျားအုံများ ကြိုတင်နေရာချထားခြင်း မပြုရ၊

(င) ပျားအုံများအနီးတွင် ရေအလွယ်တကူရရှိစေရန် စီမံထားရမည်။ ရေအလွယ်တကူရရှိခြင်းကြောင့် ရေသယ်ယူရန် အချိန်လျော့နည်းပြီး ဝတ်မှုန်သယ်ယူမည့် ပျားအရေအတွက် ပိုမိုများပြားလာမည် ဖြစ်သည်။

ပျားဖြင့် ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံအထွက်နှုန်း တိုးတက်စေရန်၊ သီးနှံအရည်အသွေး ကောင်းမွန်စေရန်နှင့် စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုရန် မရှိမဖြစ်လိုအပ်သော သဘာဝလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ပျားများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျအသုံးပြုခြင်းနှင့် စိုက်ပျိုးသူများ၊ ပျားမွေးမြူသူများ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အနာဂတ်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော အချက်များဖြစ်ပါသည်။ ။

# ကော့သောင်းမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး




ကော့သောင်း ဇူလိုင် ၂၃

၂၀၂၆ ခုနှစ် မိုးရာသီ စတုတ္ထအကြိမ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွှေပြည်စိုး ကျေးရွာအုပ်စု ကော့သောင်း ဂေါက်ကွင်း၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးကြပြီး တက်ရောက်လာသူများက ခရေ၊ သက်န်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျန်ရှား စသည့် စုစုပေါင်း သစ်မျိုး ငါးမျိုး ပျိုးပင် ၈၅၀ ကို သတ်မှတ်နေရာများ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပျော်တစ်ပါး စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာနေရာ၌ သံလမ်း(၃)ဆက် ပေ(၁၂၀) ခန့်နှင့် ၎င်းနေရာအနီးရှိ မိုင်တိုင်အမှတ် ၆၅၃/၁၈-၂၀ ကြားနေရာ၌ သံလမ်း(၃)ဆက် ပေ(၁၂၀) ခန့် စုစုပေါင်းပေ(၂၄၀) ခန့်အတွင်း သံလမ်းထိန်းကလစ် (၄၀၈) ခု ဖြုတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရပြီး သံလမ်းထိန်းကလစ်များ ဖြုတ်ယူခံရမှုကြောင့် ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများ 'မ' တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့သည့်အတွက် ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။




**နန်းခွင်-ဟိုပင် ဘူတာအကြား ရထားသံလမ်းထိန်းကလစ်များ ဖြုတ်ယူထားမှုကို တွေ့ရစဉ်။**

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ် ကောင်းသောလုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်အားတွေ့ရှိပါက ရထားမတော်တဆမှုများ ကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရသည်။

ယခု ရထားသံလမ်းထိန်းကလစ်များ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေး ဟိုပင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ရရှိပါက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၃ ရက်နေ့ ညနေ ၄ နာရီခွဲတွင် ကလေးမြို့အဝင်တွင် အောင်အောင်ထွန်း (ခ) အောင်ကြီး မောင်းနှင်လာသည့် SURF အမျိုးအစား မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ခြောက်သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၁၄ ရက်တွင် ကလေးမြို့ တာဟန်းရပ်ကွက်၌ အဆိုပါစိတ်ကြွဆေးပြားများအား လက်ခံယူရန် ချိတ်ဆက်စောင့်ဆိုင်းနေသည့် ထောင်းရှင်းခိုင်အား PRADO အမျိုးအစား ယာဉ်တစ်စီးနှင့်လည်းကောင်း၊ မကျင်းဆန်းညောင်(ခ) မဥာဏ်(ခ) စန်းစန်း (ခ) မညောင်အား ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း ဆက်လက်ဖမ်းဆီးခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက်နေ့ နံနက် ၃ နာရီတွင် စိတ်ကြွဆေးပြားများအား မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇော်ဇော်လတ်



**တရားခံ နွယ်နီလွင်၊ ဇော်ဇော်လတ် နှင့် ထန်လမ့်ကျင့် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

နှင့် မနွယ်နီလွင်တို့ နှစ်ဦးကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ လှိုင်သလွန်း (ခ) ပါးတွောင်အား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀)ရှိ နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၆ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက်ရှိ နေအိမ်မှ ဇော်ဇော်လတ်နှင့် မနွယ်နီလွင်တို့ သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၉ ဒသမ ၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ) ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ငွေကျပ် ၂ ဒသမ ၉၄ ဘီလီယံတန်ဖိုးရှိ စုစုပေါင်းစိတ်ကြွဆေးပြား ၁၅ ဒသမ ၆ သိန်းအား ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ထန်လမ့်ကျင့်အား အမရပူရမြို့နယ် ဆောက်တောဝရွာရှိ ဂိုဒေါင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား မန္တလေးမှကလေးသို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကလေးမြို့နယ် ကန်ကြီးရွာနေ မစုမွန်လွင်(ခ)စုလေး(ခ)မစု (ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမြို့ ရပ်ကွက်(၄)နေ အောင်ကျော်ဦး (ဖမ်းဆီးရန်ကျန်) တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ် (Centennial Commemoration) အဖြစ် ကျင်းပလျက်ရှိသော အားကစားပြိုင်ပွဲများ၏ အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ဆေးတက္ကသိုလ် (ရန်ကုန်)မှ ဆေးကျောင်းသား ကျောင်းသူနှင့် House Officers အပါအဝင်ပြိုင်ပွဲဝင် ၄၂ ဦး ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ရာပြည့်အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲသည် အားကစားစွမ်းရည် ယှဉ်ပြိုင်မှုတစ်ခုသာမက စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဗျူဟာချမှတ်နိုင်စွမ်း၊ စိတ်ရှည်သီးခံနိုင်စွမ်းနှင့် အားကစားစိတ်ဓာတ်တို့ကို မြှင့်တင်ပေးမည့် အဓိပ္ပာယ်ပြည့်ဝသော အခမ်းအနားတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ကျော်ကြီး**

❂ *ကျောဖုံးမှ*

အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ တိုက်စစ်ဆင်ကစားခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၅၁ မိနစ်တွင် ဦးဆောင်ဂိုးကို ခွန်းချိုထူးက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းမှ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဦးဆောင်ကစားခဲ့ပြီး ပြိုင်ဘက်ခံစစ်ကို စဉ်ဆက်မပြတ် ဖိအားပေးကစားကာ ရရှိလာသည့်အခွင့်အရေးများကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ကာ ပွဲချိန် ၈၅ မိနစ်တွင် ဆိုင်းဖုန်း၊ ၈၆ မိနစ်တွင် လမင်းပြည့်စုံနှင့် ၉၃ မိနစ်တွင် လင်းသန့်စိုပြေတို့က တစ်ဂိုးစီ အသီးသီးသွင်းယူပေးခဲ့ကြသည်။

စစ်ကိုင်းယူနိုက်တက်အသင်းအနေဖြင့် ပွဲချိန်အတွင်း တန်ပြန်တိုက်စစ်အချို့ ဖော်ဆောင်နိုင်ခဲ့သော်လည်း ရန်ကုန်အသင်း၏ နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဂိုးသမား ဇင်မင်းဇော်က အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။ **နေမျိုး**

✳ *ကျောဖုံးမှ*

မသန်စွမ်းလူငယ်များကို ရှာဖွေဖိတ်ခေါ်သည့်အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ သိရသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းလူငယ်များ အားကစားတွင် စိတ်ပါဝင်စားစွာ ပါဝင်လာစေရန်နှင့် ပါရမီပါသည့် အားကစားသမားများကို စိစစ်ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် အထူးစီမံချက်များရေးဆွဲကာ မျိုးဆက်သစ်အားကစားသမားများ ရှာဖွေရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ရွေးချယ်လျက်ရှိသည်။

အဆိုပါစီမံချက်အရ မိမိတို့ပတ်ဝန်းကျင်တွင် အားကစားဝါသနာပါပြီး ကြိုးစားလိုစိတ်ရှိသည့် မသန်စွမ်းလူငယ်များရှိပါက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ TMK

## ဘုတ်ပြင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ဘုတ်ပြင်း ဇူလိုင် ၂၃

ဘုတ်ပြင်းခရိုင်အတွင်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့် အသက် ၁၉ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်က မြို့တော်ခန်းမ၌ ပြုလုပ်ရာ ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက လုပ်ငန်းကဏ္ဍအလိုက် ရာနှုန်းပြည့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာမြေပုံဇယားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ၊ လူထုကျန်းမာရေး သင်တန်းဆင်းလက်မှတ်၊ ဓာတ်မြေသြဇာများနှင့် အသက် ၁၉ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## နျူကလီးယားစွမ်းအင် သဘောတူညီမှုတွင် အမေရိကန်နှင့် ဆော်ဒီတို့ လက်မှတ်ရေးထိုး



**ရီယာ့ဒ် ဇူလိုင် ၂၃**

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွင် ဆော်ဒီအာရေဗျနှင့် အမေရိကန်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု ဆော်ဒီစွမ်းအင်ဝန်ကြီးဌာနက ဇူလိုင် ၂၃ ရက်က ပြောသည်။

နှစ်နိုင်ငံကြား ကာလရှည်ကြာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးပေါ်တွင် အခြေခံ၍ အဆိုပါသဘောတူညီမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်း ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ဖြစ်သူ မိုဟာမ်မက်ဘင် ဆယ်မန်အယ်ဆွတ်ဒ် အမေရိကန်သို့ လာရောက်သည့် ခရီးစဉ်အတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းမှုအပြီးတွင် ယခုလို သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ကျွမ်းကျင်ပညာရှင်ဖလှယ်မှုများကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးဌာနက ပြောသည်။

အဆိုပါ သဘောတူညီချက်သည် စွမ်းအင်အရင်းအမြစ်မျိုးစုံကို အားပေးရန်၊ နှစ်နိုင်ငံကြား အပြန်အလှန် အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ချဲ့ထွင်ရန် အားပေးထောက်ပံ့သွားမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဂရိနိုင်ငံ၌ အသက် ၁၇ နှစ်အောက် ကလေးများကို လျှပ်စစ်စကူတာ အသုံးပြုခွင့် ပိတ်ပင်သွားမည်

**အေသင် ဇူလိုင် ၂၃**

ဂရိနိုင်ငံ၌ လမ်းစည်းကမ်းအသစ်အရ အသက် ၁၇ နှစ်အောက် ကလေးများ လျှပ်စစ်စကူတာ စီးခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဂရိမီဒီယာတွင် ဇူလိုင် ၂၂ ရက်က ဖော်ပြထားသည်။

အဆိုပါဥပဒေကို ဇူလိုင် ၂၁ ရက်က ပါလီမန်တွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး အသက်ငယ်ရွယ်သူများကြား ယာဉ်မတော်တဆဖြစ်ပွားမှု မြင့်တက်လာနေစဉ် လမ်းလုံခြုံရေးနှင့် ကလေးများကို အကာအကွယ်ပေးရေးအတွက် ကျယ်ပြန့်သော မူဘောင်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေသစ်အောက်တွင် ကုမ္ပဏီများသည် အသက် ၁၇ နှစ်အောက် ကလေးများကို လျှပ်စစ်စကူတာ ငှားရမ်းခွင့်နှင့် ရောင်းချခွင့်များ ရှိတော့မည်မဟုတ်ပေ။ အဆိုပါ ဥပဒေကို ချိုးဖောက်သည့် စီးပွားရေးလုပ်ငန်းရှင်များကို ဒဏ်ငွေချမှတ်မည်ဖြစ်သည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုတို့ကြောင့် ၁၅ ဦး သေဆုံးပြီး ၄၀ ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၃**

ပါကစ္စတန်နိုင်ငံ နေရာအစိတ်အပိုင်းအတော်များများ၌ မုတ်သုံရာသီမိုးများ ဆက်လက်ရွာသွန်းနေသည့်အတွက် ပြီးခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းမိုးနှင့်ပတ်သက်သည့် မတော်တဆမှုများဖြစ်ပွားခဲ့ပြီး ၁၅ ဦး သေဆုံးကာ ၄၀ ခန့်ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (NDMA) က ဇူလိုင် ၂၃ ရက်တွင် ပြောသည်။

ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းတွင် ကိုးဦးသေဆုံးပြီး ၃၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်တွင် ခြောက်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု NDMA က ပြောသည်။

ဇွန်လ ၂၆ ရက်မှစ၍ နိုင်ငံတစ်ဝန်းမုတ်သုံရာသီအတွင်း သေဆုံးသူဦးရေမှာ ၇၂ ဦးရှိပြီး ဒဏ်ရာရရှိသူဦးရေမှာ ၁၈၇ ဦးအထိ တိုးလာခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

မိုးသည်းထန်စွာရွာသွန်းပြီး မိုးနှင့်ဆက်စပ်သည့်ဖြစ်ရပ်များကြောင့် နေအိမ် ၃၀၁ လုံး ပျက်စီးခဲ့ပြီး မွေးမြူရေးတိရစ္ဆာန်ပေါင်း ၁၉၈ ကောင် သေဆုံးခဲ့ရသည်။ နိုင်ငံ၏ဒေသအများအပြားတွင် မိုးဆက်လက်ရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ဒေသခံများ သတိပြုနေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံသား ၂၅၀၀၀၀ အတွက် နိုင်ငံခြားတွင် အလုပ်အကိုင်ရရှိရန် ရည်မှန်း

**ကိုလံဘို ဇူလိုင် ၂၃**

သီရိလင်္ကာသည် ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံသား ၂၅၀၀၀၀ အတွက် ပြည်ပတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်မှန်းထားကြောင်း သီရိလင်္ကာ နိုင်ငံခြားအလုပ်အကိုင်ဗျူရို (SLBFE) က ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

အမျိုးသား ၈၂၅၉၀ နှင့် အမျိုးသမီး ၅၀၄၉၇ ဦးအပါအဝင် သီရိလင်္ကာနိုင်ငံသား စုစုပေါင်း ၁၄၃၀၈၇ ဦးမှာ ယခုနှစ်အတွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်ရန်အတွက် ထွက်ခွာခဲ့ကြောင်း သိရသည်။

သီရိလင်္ကာ နိုင်ငံခြားအလုပ်အကိုင်ဗျူရိုသည် သီရိလင်္ကာအလုပ်သမား ၁၄၀၀၀ ကို အစ္စရေးနိုင်ငံသို့ စေလွှတ်ရန်စီစဉ်ခဲ့ရာ ၇၈၇၃ ဦးမှာ ထွက်ခွာပြီးဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၌လည်း ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသား ၄၇၉၄ ဦး အလုပ်အကိုင်ရရှိခဲ့ရာ အလုပ်သမား ၈၀၀၀ ကို စေလွှတ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသား ၇၃၆၂ ဦးမှာ ကျွမ်းကျင်အလုပ်အကိုင်များအတွက် ပြည်ပသို့ ထွက်ခွာခဲ့ပြီး ၆၉၄၉၄ ဦးမှာ ပညာအရည်အချင်းမလိုသည့်အလုပ်ကို လုပ်ဆောင်ခဲ့ကြောင်း SLBFE ၏ အချက်အလက်များအရ သိရသည်။

သီရိလင်္ကာ ရွှေ့ပြောင်းအလုပ်သမားများက ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း သီရိလင်္ကာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ လွှဲပို့ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆမ်ဆောင်းက ခေါက်စမတ်ဖုန်းဈေးကွက်တွင် ပြိုင်ဘက်များကို စိန်ခေါ်

**ဆိုးလ် ဇူလိုင် ၂၃**

တောင်ကိုရီးယားနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ဆမ်ဆောင်းအီလက်ထရောနစ်နည်းပညာကုမ္ပဏီသည် ၎င်း၏ နောက်ဆုံးထုတ်ခေါက်စမတ်ဖုန်းများကို မိတ်ဆက်ပြသခဲ့သည်။ အမေရိကန်ပြိုင်ဘက်အက်ပဲလ်ကလည်း ယခုနှစ်အတွင်း ၎င်း၏ ပထမဆုံး ခေါက်အိုင်ဖုန်းကို ထုတ်လုပ်ဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။ ထို့ကြောင့် ကုမ္ပဏီကြီးနှစ်ခုသည် ခေါက်စမတ်ဖုန်းဈေးကွက်တွင် ဦးဆောင်နိုင်ရန် ပြင်းထန်စွာယှဉ်ပြိုင်ရမည့် အခြေအနေဖြစ်လာနိုင်သည်။

ဆမ်ဆောင်း၏ Galaxy Z Series ထဲက မော်ဒယ်တစ်မျိုးသည် စာအုပ်တစ်အုပ်ကဲ့သို့ ခေါက်နိုင် ဖွင့်နိုင်သော စမတ်ဖုန်းဖြစ်ပြီး အပြည့်အဝဖြန့်ဖွင့်ထားချိန်တွင် အထူ ၄ ဒသမ ၁ မီလီမီတာသာရှိသည်။ ကုမ္ပဏီ၏ ပြောကြားချက်အရ ထိုဖုန်းသည် Galaxy Z Series ထဲတွင် အပါးဆုံး မော်ဒယ်ဖြစ်ပြီး အလေးချိန် ၂၁၅ ဂရမ် ရှိသည်ဟု သိရသည်။ ၈ လက်မ မျက်နှာပြင်သည် ဗီဒီယိုကြည့်ရန်နှင့် အီလက်ထရွန်နစ်စာအုပ်များ (e-books) ဖတ်ရန် အလွန်သင့်တော်ကြောင်း ဆမ်ဆောင်းက ပြောထားသည်။




အမေရိကန်သတင်းမီဒီယာများ၏ ဖော်ပြချက်အရ အက်ပဲလ် သည် ၎င်း၏ ပထမဆုံး ခေါက်နိုင် ဖွင့်နိုင်သော စမတ်ဖုန်းကို ယခုနှစ်မကုန်မီ ဈေးကွက်သို့ ထုတ်လုပ်ရောင်းချနိုင်ကြောင်း သိရသည်။ ဖုန်းသုံးစွဲသူများသည် မိမိတို့၏စမတ်ဖုန်းများကို အရင်ကထက် ပိုမိုကြာရှည်စွာ အသုံးပြုလာခြင်းကို တွေ့ရှိသဖြင့် အမေရိကန် သုတေသနကုမ္ပဏီ အိုင်ဒီစီ က ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်းဈေးကွက်၏ တိုးတက်နှုန်းသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိပြီးဖြစ်သည်ဟု ပြောကြားသည်။

သို့သော် အိုင်ဒီစီ က ၂၀၂၆ ခုနှစ်တွင် ခေါက်စမတ်ဖုန်းများ၏ တင်ပို့ရောင်းချမှုသည် ဖုန်းအသစ်ထွက်ရှိမှုပေါ်မူတည်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ချီလီနိုင်ငံ၌ မုန်တိုင်းကြောင့် နေအိမ် ၂၄၅၉ လုံး ပျက်စီး

ချီလီနိုင်ငံရှိ ဒေသ ၁၆ ခုအနက် ၁၀ ခုတွင် ပြီးခဲ့သည့် ကြာသပတေးနေ့မှစကာ အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၃ ဦး သေဆုံးကာ ၁၇ ဦးဒဏ်ရာရရှိပြီး လေးဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

မုန်တိုင်းကြောင့် နေအိမ် ၂၄၅၉ လုံးမှာ ပျက်စီးသွားပြီး ယင်းတို့အနက် နေအိမ် ၁၀၀ မှာ လုံးဝပျက်စီးသွားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဝန်ဆောင်မှုလုပ်ငန်းမှ အမျိုးသားညွှန်ကြားရေးမှူး အယ်လီစီယာ ဆီဘရီယန်က ပြောကြားသည်။ **ဆင်ဟွာ**

### ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကြောင့် သေဆုံးသူ ၁၀၃၃ ဦးရှိ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ အတည်ပြုလူနာအရေအတွက်မှာ ၂၅၃၆ ဦးရှိပြီး သေဆုံးသူပေါင်း ၁၀၃၃ ဦးအထိ တိုးမြင့်လာကြောင်း နိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

နောက်ဆုံးရအစီရင်ခံစာအရ လူနာ ၅၀၆ ဦးမှာ ပြန်လည်ကျန်းမာလာပြီး အခြား ၇၃၈ ဦးမှာ သီးသန့်စောင့်ကြည့်နေရဆဲဖြစ်ကြောင်း သိရသည်။

မြောက်ကီဗူး၌ ဆေးကုသပေးနိုင်သည့်ဝန်ဆောင်မှုအပေါ် ဖိအားများရှိနေပြီး လူနာ ၁၄၁ ဦးသာ ထားရှိနိုင်သည့်နေရာတွင် လူနာ ၁၈၂ ဦးအထိ ထားရှိထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်အလွန်မြင့်တက်နေသောကြောင့် ကြက်ဥအထွက်နှုန်း လျော့နည်း

**တိုကျို ဇူလိုင် ၂၃**

ဂျပန်နိုင်ငံ အလယ်ပိုင်းရှိ ကြက်မွေးမြူရေးသမားတစ်ဦးက ဒေသအတွင်း အပူချိန်အလွန်မြင့်တက်နေသောကြောင့် ကြက်ဥအထွက်နှုန်း လျော့နည်းလာကြောင်း ပြောကြားခဲ့သည်။

ဇူလိုင် ၂၁ ရက်မှ ၂၃ ရက် မနက်ပိုင်းအထိ ကြက်ကောင်ရေ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း၊ ထိုမြို့သည် ယခုသီတင်းပတ်အတွင်း အလွန်ပြင်းထန်သော အပူလှိုင်းဒဏ်ခံနေရပြီး အမြင့်ဆုံးအပူချိန်မှာ ၃၉ ဒီဂရီစင်တီဂရိတ်ကျော်အထိ ရောက်ရှိကြောင်း ကြက်မွေးမြူရေးကုမ္ပဏီ၏ ပြောကြားချက်အရ သိရသည်။

အပူချိန်အလွန်မြင့်မားသောကြောင့် ကြက်များ အစာစားချင်စိတ်လျော့နည်းသွားပြီး ဥချသည့်အရေအတွက်လည်း လျော့ကျလာကြောင်း၊ ယခုသီတင်းပတ်အတွင်း ကြက်ဥတင်ပို့ရောင်းချသည့် ပမာဏသည် လွန်ခဲ့သည့်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် အရွယ်သေးသော ဥများ၏ အချိုးအစားလည်း မြင့်တက်လာကြောင်း ကုမ္ပဏီကပြောသည်။

**အင်န်အိတ်ချ်ကေ**

■

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇူလိုင် ၂၃**


နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို သက်ဆိုင်ရာ တပ်နယ်များ၌ အသီးသီးကျင်းပပြုလုပ်ကြရာ တပ်နယ်အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မိုးဖြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ




မိုးဖြဲရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ တည်နေရာပြပုံ။

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ရေကြီးရေလျှံမှု ထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် ရေကြောင်းခရီးသွားလာရေး လုပ်ငန်းတို့အတွက် အလွန်အရေးပါသည့် မိုးဖြဲရေလှောင်တမံ ပျက်စီးဆုံးရှုံးမှုများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ တမံနှင့်ဆက်စပ်ရေအား အဆောက်အအုံများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် တမံအောက်ဘက် မိုးဖြဲထိန်းသိမ်းရေးစခန်းရှိ ဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် စတိုဂိုဒေါင်များအပါအဝင် အဆောက်အအုံ ၄၄ လုံး ဖျက်ဆီးခံခဲ့ရပြီး ဌာနပိုင်မော်တော်ယာဉ် (TE) တစ်စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စတိုဂိုဒေါင်အတွင်းရှိ ထရန်စဖော်မာများနှင့် စက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ထို့အပြင် ရေပိုလွှဲထိန်းချုပ်ခန်း အဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ ရေယာဉ်သွားလမ်းထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ ၁၀၈ ကေဗွီအေ မီးစက်တစ်လုံး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ရေပေးဝေရေးအဆောက်အအုံနှင့် ရေစက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထို့အတွက် ရေပိုလွှဲတံခါးများကို အလိုအလျောက် လျင်မြန်စွာဖွင့်ပိတ်၍ မရခြင်းကြောင့် တမံရေထိန်းညှိထုတ်လွှတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် ရေယာဉ်သွားလမ်းတံခါးများ အဖွင့်အပိတ်ပြုလုပ်၍ မရခြင်းကြောင့် အများပြည်သူများ ရေကြောင်းခရီးသွားလာမှုအပေါ် ထိခိုက်ခဲ့ရပြီး မိုးဖြဲရေလှောင်တမံနှင့် စခန်းတစ်ခုလုံးတွင် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှသာ ဌာနဝန်ထမ်းများသည် မိုးဖြဲရေလှောင်တမံသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး ရေလှောင်တမံ ဧရိယာဝန်းကျင်တွင် မိုင်းအန္တရာယ်ရှင်းလင်းခြင်းကို နယ်မြေခံတပ်မဌာနချုပ်နှင့် ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်၍ တမံပတ်ဝန်းကျင်နှင့် အဆောက်အအုံပတ်ဝန်းကျင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုလည်း ဌာနပိုင်စက်/ယာဉ်ယန္တရား သုံးစီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများအပေါ် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မိုးဖြဲ ရေလှောင်တမံသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့၏ အရှေ့တောင်ဘက် ၉ ဒသမ ၅ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၈၀၀၀ နှင့် အမြင့် ပေ ၆၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်၍ ရေပိုလွှဲတံခါးပေါက် လေးခုနှင့် ရေယာဉ်သွားလမ်း (Navigation Lock Gate) တစ်ခုပါရှိကာ မိုးဖြဲရေလှောင်တမံကိုနိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၀ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဖြဲ ရေလှောင်တမံသည် ဘီလူးချောင်းအမှတ် (၁၊ ၂၊ ၃) ရေအားလျှပ်စစ်စက်ရုံများ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောရေပမာဏနှင့် တမံအောက်ဘက်ရှိ ဆည်ရေသောက်ဧရိယာ ဧက ၂၀၀၀၀ အတွက် စုစုပေါင်းရေပမာဏ ဧကပေ ၆၈၇၀၀၀ ကို သိုလှောင်ထိန်းညှိ ထုတ်လွှတ်ပေးလျက်ရှိသည်။

ထို့အပြင် မိုးဖြဲရေလှောင်တမံသည် ရေယာဉ်သွားလမ်းထည့်သွင်းတည်ဆောက်ထားသည့်အတွက် ရေကြောင်းခရီးသွားလာမှုအပေါ် အထောက်အကူပြုလျက်ရှိပြီး တမံအထက်ဘက်ရှိ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေးအတွက် လည်းကောင်း၊ တမံအောက်ဘက်ဒေသများတွင် ရေကြီးရေလျှံမှုထိန်းသိမ်းလျော့ချနိုင်ရေးတို့အတွက်လည်းကောင်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးလျက်ရှိသည့် ဘက်စုံရေလှောင်တမံကြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးဖြဲရေလှောင်တမံနှင့်ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြင်ဆင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ**




တမံအပေါ် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို တွေ့ရစဉ်။




ဝန်ထမ်းအိမ်ရာ အဆောက်အအုံပတ်ဝန်းကျင် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို တွေ့ရစဉ်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျိုင်းတုံပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့တွင် အဆိုပါကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကားပြောကြားသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျိုင်းတုံပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက လူငယ်နှင့်စာကြည့်တိုက် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကျိုက်လတ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်း သင်တန်းဖွင့်

**ကျိုက်လတ် ဇူလိုင် ၂၃**

ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းကို ဇူလိုင် ၂၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံက စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရမည့် အစီအစဉ်များကို ပို့ချသည်။ အဆိုပါသင်တန်းကို ကျေးရွာခြောက်ရွာမှ သင်တန်းသား ၁၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင်



၂၅ ရက်အထိ ငါးရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စလင်းမြို့နယ်ရှိ မူလတန်းကျောင်း၌ အာဟာရ ကျွေးမွေးလှူဒါန်း

**စလင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ကျောင်းသား ကျောင်းသူ



များအား အာဟာရဖြည့်အစားအစာ ကျွေးမွေးလှူဒါန်းခြင်းကို ယနေ့တွင် ပေါင်းပင်ဇင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း မြို့မကျောင်း၌ ကျွေးမွေးလှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအသင်းအဖွဲ့တို့က အခြေခံပညာမူလတန်းကျောင်း မြို့မကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇၁ ဦးအား ဗဟုသုတဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူ ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကာ အာဟာရဖြည့်စွက် အစားအစာ နွားနို့၊ ကြက်ဥ၊ ငှက်ပျောသီးတို့ကို ကျွေးမွေးခဲ့သည်။

**မောင်လွင်(စလင်း)**

# ပျော်ဘွယ်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယနေ့တွင် ဂွေးဇီးကျေးရွာအုပ်စု မယ်ဇလီအိုင့်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က မြေယာစီမံခန့်ခွဲမှုစနစ်တကျရှိစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် မြေငှားဂရန်၏ အသုံးဝင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်နိုင်ညွန့်၊ ဒေါ်သန်းသန်းအေး၊ ဦးဇော်ဝင်း၊ ခရိုင်



စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကျေးရွာမြေငှားဂရန်ရရှိသူများထံ မြေငှားဂရန်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ မယ်ဇလီအိုင့်ကျေးရွာတွင် ပြည်သူ ၉၂ ဦးအား မြေငှားဂရန် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြို့နယ်နှစ်မြို့နယ်၌ မိုးနှောင်းဝါ ၄၅၄၄ ဧက စိုက်ပျိုးရန် လျာထား



**ပဲခူး ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် နှစ်မြို့နယ်၊ သမဝါယမအသင်း ၂၂ သင်း၊ အသင်းသားတောင်သူ ၁၀၃၃ ဦးမှ မိုးနှောင်းဝါ ၄၅၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၇၁၃ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်းနှင့် စနစ်ကျသော စိုက်ပျိုးရေးဖြစ်စေရန် စိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းများဖြင့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျရောနှော အသုံးပြုရေးတို့ကို တောင်သူများ လက်တွေ့သိရှိလိုက်နာဆောင်ရွက်ပြီး စိုက်ပျိုးချိန်အမီ တောင်သူများ လက်ဝယ်အရောက် Raka-666 (BT) မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများရရှိအောင် ဖြန့်ဖြူးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**



# တံတားဦးမြို့နယ် ကျေးရွာမြေငှားဂရန် ချထားပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရွှေပေါက်ကျွန်းကျေးရွာတွင် ကျေးရွာမြေငှားဂရန် ချထားပေးနိုင်ရေး ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ရာ ယင်းကျေးရွာ မူလရွာမြေ ၉ ဒသမ၁၁ ဧကအတွင်းရှိ အိမ်ထောင်စု ၇၉ စုအား တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက မြေပြင်မြေပုံ မှန်ကန်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တံတားမြို့၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေး

**ကျောက်တန်း ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့တွင် ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမျိုးထွန်းက ခွေးရူးရောဂါကာကွယ်တားဆီးရေးအတွက် ခွေးရူးရောဂါကာကွယ်ရေး သိကောင်းစရာများ၊ ခွေးရူးရောဂါကူးစက်ခံရနိုင်သည့် နည်းလမ်းများ၊ ခွေးရူးရောဂါကူးစက်ခံရမှုအန္တရာယ်ရှိသောသူများ၊ ခွေးရူးရောဂါဖြစ်ပွားနိုင်သည့် အချက်များ၊ ခွေးရူးပြန်ရောဂါ လက္ခဏာများအကြောင်းနှင့် လူတွင် ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါမဖြစ်အောင် ကာကွယ်သည့်နည်းလမ်းများ၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေး မဖြစ်မနေထိုးရမည့် အခြေအနေများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ **သန့်ဇင်ထွန်း**

### စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင်ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းပေးအပ်

**ထားဝယ် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်က ထားဝယ်မြို့ အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက ဒေသအတွင်း ပေါများစွာထွက်ရှိသော အဖိုးတန်အရင်းအမြစ်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး MSME လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်သည့် ငွေကြေး၊ နည်းပညာ၊ ဈေးကွက်၊ သွင်းအားစုတို့ကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးက ထူးချွန်သင်တန်းသူ ၁၀ ဦးအား တစ်ဦးလျှင် တန်ဖိုးငွေကျပ် ၁၈ သိန်းဖိုး ညီမျှသည့် အပ်ချုပ်စက်၊ ဘီးတင်စက်နှင့် ဆက်စပ်ပစ္စည်းများအား ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက်က လပွတ္တာမြို့ ကြာကန်ကွင်းပေါက်ကြိုးဝိုင်း အကွက်အမှတ်(၈)၌ ကျင်းပရာ သမဲ့ကြီး၊ ဗြူးအုပ်ဆောင်း ပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

# ရေနံချောင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ရေနံချောင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး



ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်ချစ်စုအိမ်က ဥပဒေအသိပညာပြန့်ပွားစေခြင်းဖြင့် လူတိုင်းဥပဒေအသိပညာရရှိရမည် ဆိုသည့် အညွှန်းကိန်းကို ဖော်ဆောင်ပေးရန်အတွက် ရည်ရွယ်၍ သင်တန်းပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၂၁ ဦးတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေနှင့်နည်းဥပဒေများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေများကို နှစ်ရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။ **ချိုမီအောင်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၂ ရက်က ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားများ၏ လယ်မြေ ၁၀ ဧက၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးစဉ်။ ငွေဇင်ယော်(ထားဝယ်)

# ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး

**လယ်ဝေး ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီက ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကား ပြောကြားသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးကျော်ခိုင်နှင့် တာဝန်ရှိသူများက သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်စေရန်နှင့် ဆိုင်ကယ်စီးနင်းသူတိုင်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရန်၊ မော်တော်ယာဉ်



အသုံးပြုသူများ အသက်ကယ် ထိုင်ခုံခါးပတ်ပတ်ရန်တို့ကို အသိပညာပေး ဟောပြောသည်။

**မြို့နယ်( ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ဝမ်းတွင်း ဇူလိုင် ၂၃**

ဝမ်းတွင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ်ဥပဒေအရာရှိ ဦးမြင့်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ဥပဒေအရာရှိက ဥပဒေဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ စသည်တို့ကို ငါးရက်ကြာဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပုလောမြို့နယ်၌ မိုးစပါးသီးနှံအထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်

**ပုလော ဇူလိုင် ၂၃**

ပုလောမြို့နယ်၌ မိုးစပါးစိုက်ပျိုးသော တောင်သူများအား မိုးစပါးသီးနှံ



အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ ပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ပုလောမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ရာ ပုလောမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသော်ဇင်ထွန်းက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲနည်းလမ်းများကို ဆွေးနွေးသည်။

သင်တန်းကို ပုလောမြို့နယ်ရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူ ၅၉ ဦး တက်ရောက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**



တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ ဇူလိုင် ၂၁ ရက်က ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၅၀၀ က ပျိုးပင် ၇၅၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရွှေပြည်သာမြို့နယ် Rhino Plastic စက်ရုံမှ အာမခံအလုပ်သမား ဦးပြည့်စုံဖြိုး၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ခြင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိက အလုပ်ရှင်အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်း ကျန်ရစ်သူအကျိုးခံစားခွင့်အတွက် ငွေကျပ် ၆၃၂၄၀၀၀ ကို ကျန်ရစ်သူ ဇနီး ဒေါ်စိမ်းမြဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**





## မြစ်သားမြို့နယ်၌ နှမ်းစပါး ရိတ်သိမ်း

**မြစ်သား ဇူလိုင် ၂၃**

မြစ်သားမြို့နယ် ရွှေလေးကျေးရွာရှိ ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းမှ အသင်းသားတောင်သူ ဦးကိုကိုမောင်၏ ကွင်းအမှတ်( ၅၈၉) စိုက်ဧက ၁၀ ဧကတွင် စိုက်ပျိုးထားသည့် နှမ်းစပါး ရိတ်သိမ်းနေမှုကို ဇူလိုင် ၂၂ ရက်က မြို့နယ်သမဝါယမဦးစီးအရာရှိနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ တစ်ဧကလျှင် တင်း ၁၁၀ ထွက်ရှိကြောင်း သိရသည်။ ဝါဝါမြင့် (မြစ်သား)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရထိန်းသိမ်းကြ**

## ဖြူးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား မတ်ပဲမျိုးစေ့များ ထောက်ပံ့

ဖြူး ဇူလိုင် ၂၃

ဖြူးမြို့နယ် ကျီးမနိုးကျေးရွာအုပ်စု လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်း၏ အသင်းသား ၅၆ ဦးအား အိန္ဒိယနိုင်ငံ အကူအညီဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project– QIP) အရ မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက လူငယ့်အားမာန်အသင်းရုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ဖြူးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေငွေမြင့်က အိန္ဒိယနိုင်ငံအကူအညီဖြင့် မတ်ပဲမျိုးစေ့များ ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းသား ၅၆ ဦးအား မတ်ပဲကေ ၁၅၀ အတွက် စုစုပေါင်းငွေကျပ်သန်း ၁၆ ဒသမ ၈၀ တန်ဖိုးရှိ မတ်ပဲမျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ မူးယစ်ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် တိရစ္ဆာန်များ ဖြန့်ဖြူးပေးအပ်

မိုင်းပျဉ်း ဇူလိုင် ၂၃

မိုင်းပျဉ်းမြို့၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် မူးယစ်ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိရစ္ဆာန်များ ဖြန့်ဖြူးပေးအပ်ပွဲကို ယမန်နေ့က ပိန်းဆန်းရပ်ကွက် လားဟူဘုရားကျောင်း၌ ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကျော်က အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာမြင့်သန်းက တိရစ္ဆာန်ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်က လားဟူဘာသာစကားဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မူးယစ်ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြက်၊ ဝက်တိရစ္ဆာန်များနှင့် မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးများကို တာဝန်ရှိသူများက ပေးအပ်ကြရာ ကျေးရွာသူ ကျေးရွာသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## သက်သာသောဈေးနှုန်းဖြင့် ဒေသကြက်နှင့် CP ကြက်သားများကို တောင်ငူမြို့နယ်အတွင်း နေ့စဉ်ရောင်းချပေး

တောင်ငူ ဇူလိုင် ၂၃

ပြည်သူများ အခြေခံစားသောက်ကုန်များကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်၍ ဒေသကြက်နှင့် CP ကြက်သားများကို တောင်ငူမြို့နယ်အတွင်း နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးရာတွင် တောင်ငူမြို့ရှိ ဘုရင့်နောင်ဈေး၊ ညောင်ပင်လေးဈေးနှင့် ဘုရားဈေးတို့တွင် နေ့စဉ်ရောင်းချပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## တိုက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျောင်းကျန်းမာရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းလွန်ကျောင်း မြို့မ(၅)တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်လင်းနိုင် ကြီးကြပ်မှုဖြင့် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာသိန်းဇော်လတ်နှင့် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်အာဟာရမျှတစွာ စားသုံးနိုင်ရေး အသိပညာပေး ဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား မျက်စိအမြင်အာရုံစစ်ဆေးခြင်း၊ သွားနှင့် ခံတွင်းရောဂါ စစ်ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဝတ်ရည်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့၌ ဒေသကြက်၊ CP ကြက်နှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ညောင်လေးပင် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကိုယ်တိုင် စိုက်ပျိုး/ မွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်ကို ဇူလိုင် ၁၇ ရက်မှစ၍ ရန်ကုန်–မန္တလေးကားလမ်းမကြီးဘေး၊ မြို့မဈေးကြီးရှေ့ ကျောက်တိုင်ကွင်းတွင် နေ့စဉ်ရောင်းချပေးလျက်ရှိရာ အမဲသား၊ ဝက်သား၊ ဆိတ်သားတို့ကို သတ်မှတ်ဈေးနှုန်းဖြင့် လည်းကောင်း၊ ဒေသကြက်၊ CP ကြက်နှင့် ကြက်ဥ၊ ဘဲဥတို့ကို ပြင်ပထက် သက်သာသော ဈေးနှုန်းများဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိရာ ပြည်သူအများအပြား ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၅ – ၇ – ၂၀၂၆ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၃၀) တွင် အများ ကောင်းကျိုးအတွက် ဆောင်ရွက်ပါက ယခုဘဝတွင် ကောင်းကျိုးများ ရရှိနိုင်ရုံသာမက နောင်ဘဝအတွက်ပါ ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပုံကို သရုပ်ဖော်ထားသည့် “မာဃလုလင် လမ်းများပြင်၍” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများအတွက် နေရောင်ခြည်၏ အသုံးဝင်ပုံများကို ဗဟုသုတရဖွယ် ရေးသားထားသည့် “နေရောင်ခြည်၏ အသုံးဝင်ပုံ” သုတဆောင်းပါးကဏ္ဍ၊ လျှပ်စီးအန္တရာယ် ကျရောက်လာပါက ကြိုတင်ပြင်ဆင်ရန်နှင့် အရေးပေါ်လိုက်နာဆောင်ရွက်ရမည့်အချက်များပါဝင်သည့် လျှပ်စီးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်ကဏ္ဍ၊ မိဘများ၏ စွန့်ပစ်ခြင်းကိုခံခဲ့ရပြီး ဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသော်လည်း အသိဉာဏ်ဗဟုသုတကြွယ်ဝသည့် မင်းသမီးလေးနှင့် တွေ့ရှိခဲ့ရ၍ အသက်ဘေးမှ လွတ်မြောက်ခဲ့ရသော ငလက်မလေး အကြောင်းကို သရုပ်ဖော်ထားသည့် “ငလက်မ” နှစ်မျက်နှာကာတွန်း၊ ပြဿနာတစ်ခုခုနှင့် ကြုံတွေ့ရပါက အသိဉာဏ်ဖြင့် စဉ်းစားတွေးခေါ်ကာ ညင်သာစွာ ဖြေရှင်းတတ်စေရန် ပညာပေးရေးသားထားသည့် “ရင်ဆိုင်ကျော်လွှား အခက်အခဲများ” ဝတ္ထု၊ အစားအစာများကို အချိန်မီစုဆောင်းမထားမိ၍ မိုးရွာချိန်၌ အစာအခက်အခဲဖြစ်ခဲ့ရသည့် ယုန်လေးတစ်ကောင် အကြောင်းကို သရုပ်ဖော်ထားသည့် “ယုန်ပျင်း” တစ်မျက်နှာကာတွန်း၊ မိခင်၏ ကျေးဇူးကိုသိတတ်၍ ထူးဆန်းသော သစ်သီးမှည့်ကို ခူးဆွတ်ခွင့်ရခဲ့သော မျောက်ညိုလေးအကြောင်းကို ရေးသားထားသည့် “မျောက်ညိုလေးနဲ့ သစ်သီး” ပုံပြင်၊ အစာကို အလွန်အကျွံစား၍ ဆေးရုံရောက်ခဲ့ရသော ထူးထူးအကြောင်းကို သရုပ်ဖော်ထားသည့် “အစားမက်တဲ့ ထူးထူး” နှစ်မျက်နှာကာတွန်း၊ အချိန်ကို အကျိုးရှိရှိ အသုံးချခဲ့သောကြောင့် စာမေးပွဲကို ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်ခဲ့သည့် ဖိုးနီးအကြောင်း သရုပ်ဖော်ထားသည့် ကာတွန်းထာဝရ၏ “နောင်တဆိုသည်မှာ” နှစ်မျက်နှာကာတွန်း၊ အဝတ်လျှော်ဆိုင်တွင် အဝတ်လာလျှော်သည့်အကြောင်းကို အဝတ်လာလျှော်သူအချင်းချင်း ပြောဆိုပုံကို ပုံစံအမျိုးမျိုးဖြင့် ရေးသားထားသည့် “ရွှေသွေးစကားဝိုင်း” အင်္ဂလိပ်စာကဏ္ဍအပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင် ၄၀၀ ကျပ်ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**

### စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ညနေ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

### ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အထက်တည်ရှိ

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (၂၅) နေရာ၊ အငယ်တန်းစာရေး (၇၆)နေရာနှင့် စစ်ဆေးရေးမှူး-၄(ငွေ)(၂၀)နေရာကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲ)များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ(စီးပွားရေး တက္ကသိုလ်များမှ ဘွဲ့တစ်ခုခုရရှိသူ၊ အဝေးသင် တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ၊ သမဝါယမ တက္ကသိုလ်နှင့် သမဝါယမဒီဂရီကောလိပ်များမှ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ၊ B.C.Sc၊ B.C.Tech၊ B.E(Civil)၊ B.E(IT)၊ B.E(EP)၊ B.E(EC)၊ B.A (English)၊ LL.B ဘွဲ့ရရှိသူများ ဦးစားပေးမည်။) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၇၆ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ဂ) | စစ်ဆေးရေးမှူး-၄(ငွေ) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၀ နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၈-၂၀၂၆)ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဦးစားပေးမည်။ (ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး(၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ဝန်ခံကတိအရ ကျန်ရှိသည့်ကာလအတွက် လျော်ကြေးငွေပေးလျော်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်
- (စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- (ဈ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်
- (ည) အမြဲတမ်း နေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ ဓာတ်ပုံ (၃)ပုံ (အလျား ၁.၅ လက်မ x အနံ ၁.၇၅ လက်မ)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မိတ္တူ) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ(တစ်လအတွင်းရရှိသည့်) ထောက်ခံချက် (မူရင်း)
- (စ) အိမ်ထောင်စုစာရင်း (မိတ္တူ)
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- (ဇ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း (၂၁-၈-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၃၁-၈-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများကိုသာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြည့်သွင်းရမည့် လျှောက်လွှာပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် Download ဆွဲ၍ ရယူနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်- ၀၆၇ ၃၄၁၈၅၉၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော မလရိပ်ချို ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်အောင် ၈/အလန(နိုင်)၀၇၁၈၄၂ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်အောင်**

## အမည်မှန်

ဦးယုသော်၏သား မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ GFP ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မောင်ဝေဘုန်းလျှံ ၏ အမည်မှန်မှာ မောင်ဝေဘုန်းသျှံ ဖြစ်ပါကြောင်း။

**မောင်ဝေဘုန်းသျှံ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/83853 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 36W/52608 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၄)၊ အောင်ပါရမီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇၄) ဦးသောင်းညွန့် cf.092119 ပါမစ်မူရင်း အမည်ပေါက် (၄၀ x ၆၀)ပေ မြေကွက်မှ (၁၀ x ၆၀)ပေ မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်းကိုယ်တိုင် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်နှင်းအေးမွန် ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ၊ စဉ်(၄၈၁၇၈)**
**ဖုန်း-၀၉၄၄၀၉၈၆၁၄၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂-ညံတော(အနောက်))၊ ဦးပိုင်အမှတ်(၁၇၃)၊ မြေဧရိယာ(၀ဒသမ၀၅၈)ဧက (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်နေအိမ် (၂)လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဦးညွန့်သန်း (၉/မမန(နိုင်)၀၃၆၆၅၉)တို့ထံမှ ဒေါ်ဟွမ်းမေး (၁၃/ကလတ(နိုင်)၀၁၉၈၁၀) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဟွမ်းမေး** | **ဦးနေမျိုးဇော်(LL.B, D.B.L)** |
| **၁၃/ကလတ(နိုင်)၀၁၉၈၁၀** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၆၆)** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ် ပြင်ဦးလွင်မြို့** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/41836 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိမ်းမေခိုင် ၉/မထလ(နိုင်) ၀၀၀၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/79718 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းသူရိန် ၇/ပခန (နိုင်)၃၈၇၃၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/4395 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာညိမ်း ၇/သနပ (နိုင်)၁၃၀၂၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/8678 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၇/သနပ (နိုင်)၁၀၆၃၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံ တွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်း အောင်မြင်ပါက ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ အောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်း အောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး၊ ဒီပလိုမာသင်တန်း(၃)နှစ်ပြီးဆုံးပါက ဌာနနှင့် ပြင်ပပုဂ္ဂလိကကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- (ဂ) စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုထားသူဖြစ်ပါက မွေးမြူရေးအတတ်ပညာဖြင့် (A) အဆင့်၊ အနည်းဆုံး (B) အဆင့် ရရှိသူဖြစ်ရမည်။
- (ဃ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၆)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)
- (ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
- (င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
- (စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) သို့ (၃၀-၉-၂၀၂၆) ရက်နေ့ထက်နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်း သိပ္ပံ (တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း နိုင်ငံတော်၊ အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ချီးမြှင့်မှုများလည်းရှိမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝင်ခွင့်လျှောက်လွှာ(ပုံစံ)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| အုပ်ထိန်းသူ (မိဘများ ကွယ်လွန်ပြီးဖြစ်ပါက) | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ----------------ခုနှစ်၊-------------------လ၊----------------- ရက်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့်ခုံအမှတ်------------၊ စာစစ်ဌာန--------------၊ တိုင်းဒေသကြီး/ ပြည်နယ် ---------------------။

၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ--------------------------- ဖုန်း-------------------------------။

ရက်စွဲ -------------------------- (လျှောက်ထားသူလက်မှတ်)

## ဖခင်အမည်မှန်

ပြည်မြို့ အထက(၅ )ကျောင်း G-8တွင်ပညာသင်ကြားနေသော မောင်မင်းခန့်ကိုကို ၏ဖခင်အမည်မှန်မှာ ဦးမျိုးမင်းမင်းအောင် ၇/ပတတ(နိုင်)၀၈၇၄၆၈ ဖြစ်ပါသည်။

**ဦးမျိုးမင်းမင်းအောင်**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ခနုဖြူမြို့နယ်၊ အ.ထ.က(တော်ဝ) Grade-12 မှ မမွန်ရည်၏ အမည်မှန်မှာ နော်မွန်ရည် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ စောဝင်းလှိုင်ထွန်း ၁၄/ခနဖ(နိုင်)၁၁၄၄၃၃ ဖြစ်ပါကြောင်း။

**စောဝင်းလှိုင်ထွန်း(၁၄/ခနဖ(နိုင်)၁၁၄၄၃၃)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ (၃၉) လမ်း၊ မြေကွက်အမှတ် (ဂျေ - ၃၇)၊ အလျား x အနံ ပေ(၄၀x၆၀) အကျယ်ရှိ ဦးမြင့်သိန်း အမည်ပေါက် မြေကွက်အနက် အလျား x အနံ (၂၀ x ၆၀) ပေအကျယ်ရှိ (တောင်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြေမှီမှီကျော် (ဘ) ဦးကျော်ကျော်ညွှန့် (၁၂/ပဇတ(နိုင်)၀၃၃၁၄၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ရွှေ (ဘ) ဦးကာသယ် (၉/ကတန(နိုင်)၀၀၀၆၂၉) က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)** | **(LL.B, DIPL) (စဉ်-၁၈၇၂၆)** | **(LL.B, DBL) (စဉ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂/ရွှေပေါက်ကံ)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၂၄၁)၊ အကျယ်အဝန်း (၆၀ပေ × ၈၀ပေ)ရှိ ဦးသုခ (၁၂/မဂတ (နိုင်)၀၇၇၀၇၇)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးသုခ (၁၂/မဂတ (နိုင်)၀၇၇၀၇၇) ထံမှ ကျွန်မ ဒေါ်သန္တာအောင် (၈/မကန (နိုင်) ၁၈၅၃၃၆)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင် (၈/မကန (နိုင်) ၁၈၅၃၃၆)**
**၀၉- ၄၃၁ ၂၁၉ ၉၇၊ ၀၉-၇၉၄ ၂၁၀ ၇၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာဒီပလမ်း၊ တိုက်အမှတ်(၇၅)၊ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ မှန်ခန်း၏ အပေါ်ထပ်ဖြစ်သည့် (၁၄ပေx၅၅ပေ)ရှိသောတိုက်ခန်းကို ဒေါ်ခိုင်မာဝင်း ၅/ကလဝ(နိုင်)၀၀၀၆၃၀ ထံမှ ဦးဇော်မင်း(ခ)ဦးမိုးဇော်ဝင်း (၁၂/ဥကတ(နိုင်)၀၃၇၇၉၂) က (၇-၁၁-၂၀၁၄)ရက်တွင် အရပ်ကတိစာချုပ်ဖြင့်လည်းကောင်း၊ ဦးဇော်မင်း(ခ)ဦးမိုးဇော်ဝင်းထံမှ ဦးမြတ်ထူးဝေ (၁၂/သဃက(နိုင်)၁၇၁၆၅၆) နှင့် ဒေါ်ဟန်နီထွန်း ၁၁/ရဗန(နိုင်)၀၆၈၄၂၁ တို့က (၂၁-၅-၂၀၂၂)ရက်တွင် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်လည်းကောင်း ဝယ်ယူလက်ရောက်ရရှိထားပါသည်။ ကျွန်ုပ် ဦးငြိမ်းချမ်းအောင်က ဦးမြတ်ထူးဝေနှင့် ဒေါ်ဟန်နီထွန်းတို့ထံမှ အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးငြိမ်းချမ်းအောင်
၁၄/မအန(နိုင်)၁၅၀၅၆၁
ဖုန်း-၀၉-၄၅၀၀၀၆၅၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ရတနာပုံလမ်း၊ မြေကွက်အမှတ်(၁၉၂၉)ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ KONG WIN FOAM (ခ) ဝင်းဖုန်း (၈/တတက(ဧည့်)၀၀၀၀၉၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်ခိုင် (၁၂/လမတ(နိုင်)၀၂၇၀၄၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)ရပ်ကွက်၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၃၃၆) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀'x၆၀')ထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက် အမှတ် (၃၃၇)နှင့်ကပ်လျက် အခြမ်း]မြေအလျားxအနံပေ(၂၀'x၆၀')ရှိ မြေချပါမစ်မူရင်း မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောအန်ထော်နီ (၁၄/လပတ(နိုင်)၀၀၈၅၁၆) ထံမှ အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးသန်း (၁၂/ဥကတ(နိုင်)၀၅၅၂၃၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာ (၈/ခမန(နိုင်)၁၉၂၉၁၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖိုလ်ဖိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၈)၊ မြေကွက်အမှတ် (၁၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အေးမြင့် (ISN-၃၇၉၇၉၂) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်သီဟ (၁၄/ကလန (နိုင်) ၁၅၂၂၅၃) ထံမှ (၂၀-၇-၂၀၂၆)နေ့စွဲ နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်မ ဒေါ်သွယ်သွယ်ဦး(၁၂/လသန (နိုင်) ၀၂၀၄၆၃) က ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား ကျွန်မ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တနည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါကပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သွယ်သွယ်ဦး(၁၂/လသန(နိုင်)၀၂၀၄၆၃)
၀၉- ၅၀၂ ၃၀၉၃

## ဖခင်အမည်မှန်

သရက်မြို့နယ်၊ အထက (အလပ်လယ်) Grade-7 တွင် ပညာသင်ကြားနေသော မောင်ဝင်းမင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၈/သရန(နိုင်)၀၆၄၈၁၀ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (၈) Grade-6 တွင် ပညာသင်ကြားနေသော မပန်းအိအိစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ထက်မြင့် ၁၀/မလမ(နိုင်)၁၆၆၅၀၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 27W/65815 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၇၁၈၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၃၇၊ ဦးပိုင်အမှတ် ၇၈/၅၂x၅၃လမ်းကြား၊ ၁၄၀x၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်စိုးမြင့်ဦး ၈/မကန(နိုင်) ၀၀၄၅၆၅၊ ကြည်း-၃၀၁၇၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၅၁/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်စန္ဒာ ၉/မရတ(နိုင်)၀၃၅၃၈၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၄၊ ဦးပိုင်အမှတ် ၃၃ ခဲစင်းမြောက်ခြမ်း/ လမ်း ၅၀၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးလှ ၉/မနတ(နိုင်) ၀၁၈၁၃၅က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဌ-၂၊ ဦးပိုင်အမှတ် ၁၄/၇၁x၇၂ လမ်းကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးမိပိုင် ၉/မနမ(နိုင်)၀၅၂၅၈၃ ၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၉၆၉၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှေရည်ဝင်းထွဋ် ၇/ကဝန (နိုင်)၀၀၁၃၃၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် လလ-၃၈၊ ဦးပိုင်အမှတ် ၁၂+၁၃/၅၄x၅၅လမ်းကြား၊ မဏ္ဍရာxတပင်ရွှေထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးမင်းခန့် ၁၂/မရက(နိုင်) ၀၁၀၀၈၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၀၀/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်တင်ဝင်း ၉/အမရ(နိုင်)၁၁၁၀၀၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/84256, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်စိုး ၁၄/ရသယ(နိုင်) ၀၀၁၆၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/05889, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆွေဦး ၁၄/ပသန(နိုင်)၂၅၂၄၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၈ကွက်/ကျောက်တောင်)၊ ဦးပိုင်အမှတ်(၃၅/၆၈၊ ၃၅/ ၆၉)၊ မြေယာအမှတ်(၃၅)၊ ဧရိယာ(၀ဒသမ၃၆၇)ကေရှိမြေများထဲမှ ခွဲစိတ်ထားသည့် အရှေ့လားသော်- ဦးပိုင်အမှတ်(၃၅/၇၀)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၃၅/၆၉)၊ မြောက်လားသော်- လမ်း စသည့်အလားလေးရပ်အတွင်းရှိ အကျယ်အဝန်း ပေ(၁၀၀x၈၀) ရှိ မြေနှင့် ယင်းမြေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စိုးစိုးခိုင်(ဘ) ဦးတင်အောင်(၅/ကလတ(နိုင်)၀၀၅၅၁၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်လှမျိုးခိုင်(ဘ)ဦးလှဖေ (၉/မခန(နိုင်)၁၄၅၄၄၆)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်မျိုး(LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၆၆၆၅)
ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း/၀၉-၂၆၅၂၃၈၂၆၄

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၇-က) ဧရိယာ(၀. ၀၂၇၅)ကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ aircon (၄)လုံး၊ ရေမော် တာ(၁)လုံး၊ သွယ်တန်း တပ်ဆင်ထားသော ရေ+မီးအစုံအလင် အပါအဝင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်- မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိ လက်ရောက်နေထိုင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ခင်စောဝေ (ဘ) ဦးကြင် (၉/မရတ(နိုင်)၀၅၂၄၇၆) က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယင်းမြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်း မူရင်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
ဒေါ်ဝေဝေဖြိုး
(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၂၅၆၉
၁၁၄-အေလမ်း၊ ၅၁x၅၂လမ်းကြား၊ အောင်ပင်လယ်ရပ်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၄၀၂၅၅၂၅၃၅၊ ၀၉-၄၂၀၇၇၇၈၆၄၊ ၀၉-၄၀၁၁၁၂၂၃

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ အထက(ရွှေတောင်) (စက်မှု၊ စိုက်ပျိုး၊ မွေးမြူ) Grade-11မှ မောင်ဖြိုးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထိုက် ၇/ရတန(နိုင်) ၀၈၀၂၁၈ ဖြစ်ပါကြောင်း။

ဦးမောင်ထိုက်

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ဆည်ကြီးကုန်းအုပ်စု၊ ညောင်ဝိုင်းရွာနေ အလက(ချည်မျှင်) Grade-9မှ မနှင်းရှုပါလိုင်၏ မိဘအမည်မှန်မှာ ဦးစိုးမင်းထက်အောင် ၇/ရတန(နိုင်) ၀၆၈၀၅၅ နှင့် ဒေါ်ဌေးဌေးကြွယ် ၇/ရတန(နိုင်)၀၈၃၃၀၁ဖြစ်ပါကြောင်း။

ဦးစိုးမင်းထက်အောင်၊
ဒေါ်ဌေးဌေးကြွယ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၆)၊ မြေကွက်အမှတ် (၁၃၈၀)၊ မင်းလှမင်းခေါင်လမ်းရှိ ဦးညွှန့်တင် (ISN-၄၀၂၄၈၃) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း (ပေ၄၀x ပေ၆၀) အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် ဧရိယာအကျယ်အဝန်း (ပေ ၂၀x ပေ ၆၀)ရှိ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုမြတ်နွယ် (၈/တတက(နိုင်)၁၈၉၈၀၁)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းဦး (၁၂/တမန(နိုင်)၀၀၅၁၆၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၅)
အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အထက (၁) Grade-12 မှ (ဘ) ဦးအောင်ငွေစိုး၏ သမီး မိစိုးပြည့်အောင်၏ အမည်မှန်မှာ မိစုပြည့်အောင် ၁၀/ရမန(နိုင်) ၂၆၉၀၀၁ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂-၄-၂၀၀၈ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဦးကျော်စိုး၏သမီး ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ရွှေစင်ဦး ၁၄/ဟသတ(နိုင်) ၂၁၉၅၄၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၂၄၀၈၈၃

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၄/သစ်တောရပ်)၊ ဦးပိုင်အမှတ် (၁၀၄)၊ ဧရိယာ(၀ဒသမ၁၄၅)ကေရှိ ဝင်းမြေအား ဒေါ်နှင်းရီ ၅/ကလထ(နိုင်) ၀၀၄၁၈၉ သည် ၎င်း၏အမည်ပေါက် မြေငှားဂရန် အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းရီ ၅/ကလထ(နိုင်)၀၀၄၁၈၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ အင်းဝလမ်းသွယ်၊ အမှတ်(၁၀၃၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် -(၁၃၂)၊ မြေကွက်အမှတ် (၁၀၃၁)၊ ဧရိယာ (၀ဒသမ၀၅၅)ကေ၊အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ခင်မူမူ (၁၂/တမန(နိုင်)၀၃၀၅၈၇)အမည်ပေါက်မှတ်သားထားပြီး ၎င်းမှ အပျိုကြီးဘဝဖြင့် ကွယ်လွန်၍ညီမ(၃)ဦးဖြစ်သူ ဒေါ်ချယ်ရီတင်အောင် (၁၂/တမန(နိုင်)၀၆၂၆၄၉)၊ ဒေါ်တင်စပါယ်အောင်(၁၂/တမန(နိုင်)၀၆၂၉၀၁) ၊ဒေါ်တင်စန္ဒာအောင် (၁၂/တမန(နိုင်)၀၃၀၅၁၂) တို့(၃)ဦးမှ အမွေဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ထားကာ အခြားအရှုပ်အရှင်းများမရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း ၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝေဝေအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)
အမှတ် - ၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/42921, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းကိုကို ၁၄/ဖပန(နိုင်) ၁၈၈၀၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဖျာပုံမြို့)

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ (၁) လမ်း၊ အမှတ် (၂၇၃)နေ ဦးဌေးဝင်းရွှေ(ခ)ဦးဌေးဝင်း ၁၄/ဖပန (နိုင်)၀၀၂၅၃၂ ၏ သမီးငယ် မအေးမြတ်မွန် ၁၂/ဥကတ(နိုင်)၁၈၁၇၀၁ သည် မိဘစကား နားမထောင်၍ မိမိဆန္ဒအလျောက် ထွက်ခွာသွားပါသောကြောင့် နောက်နောင် မအေးမြတ်မွန်နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးဝင်း

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ် (၈) မူလတန်းကျောင်း Grade-2 မှ မောင်မင်းခန့်ကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/ရစက(နိုင်)၀၀၀၁၈၉ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မူလွန်-ဝယ်လမ်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မမေသဇင်သင်း၏ မိခင်အမည်မှန်မှာ ဒေါ်ရင်ရင်ဌေး ၁၀/ခဆန(နိုင်)၁၂၉၃၄၀ ဖြစ်ပါကြောင်း။

ဒေါ်ရင်ရင်ဌေး

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အလက (၁၁) Grade-6 မှ ခွန်ဝင်းဇော်ဦး၏ ဖခင်အမည်မှန်မှာ မောင်စွယ် ၁၃/တကန(နိုင်) ၁၆၇၄၂၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက ရွှေညောင် Grade-12(C) မှ မလူဆီးယာဖိုးမူ၏ ဖခင်အမည်မှန်မှာ ဦးပီတာ ဖြစ်ပါကြောင်း။

## ရောင်းမည်/ငှားမည်

၁။ လေဆိပ်လမ်းမပေါ် ၅၀'×၁၀၀' RC တိုက် ၁ လုံးပါ ရေ+မီး ကား(၁၀)စီးရပ်နိုင်သည် ၁လ-သိန်း(၄၀)
၂။ လေဆိပ်လမ်းမပေါ် (၇၅'×၇၀') မြေကွက်သီးသန့် ငှားမည်
၃။ လေဆိပ်ရိပ်သာ လမ်းသွယ် ၆၅' × ၁၀၀' တိုက် ၁ လုံးပါ ရေ+မီး (ဘိုးဘွား၊ ပိုင်မြေ) သိန်း ၂၀၀၀၀
၄။ ကျောက်ရေတွင်း လေဆိပ်လမ်းမပေါ်(၇၀'×၁၅၀')မြေကွက်သီးသန့် (ရေ+မီး)ပါ အငှား-သိန်း(၇၀)အရောင်းသိန်း(၂၂၀၀၀)
ကိုမင်းအောင်(အကျိုးဆောင်) ၀၉-၆၉၆၁၁၄၃၆၃/ ၀၉၉၄၃၂၁၄၃၆၃

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပန်းတိမ်ပေါ်ကျေးရွာအုပ်စု၊ ကျင်သီပေါ်ကျေးရွာနေ ဦးညီထွေး၏သား မောင်သိန်းထွန်းအောင် (၈/ငဖန(နိုင်)၀၄၁၃၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၀၈၉၈၆၅၅

**မသစ်သစ်ဖွန်၊ ၇/ပခန(နိုင်) ၄၂၆၇၅ နှင့် အများသိစေရန်**

ပဲခူးမြို့နေ ကျွန်တော်၏ မိတ်ဆွေ ဦးကျော်သီဟ၊ ၇/ပခန(နိုင်) ၂၃၅၈၆၀နှင့်မသစ်သစ်ဖွန် တို့သည် လွန်ခဲ့သော ၁၀နှစ်ကျော်ခန့်ကတည်းက အိမ်ထောင်ထူခဲ့ကြပြီး ၁၀နှစ် အရွယ်နှင့် ၄နှစ်ခွဲအရွယ် သား(၂)ဦး ထွန်းကားခဲ့ကြပါသည်။ မသစ်သစ်ဖွန် သည် ၃.၇.၂၀၂၆ ရက်နေ့တွင် မည်သူ့ကိုမျှ အသိပေးအကြောင်းကြားခြင်းမရှိဘဲ သားသမီးများကိုထားခဲ့၍ မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။

မသစ်သစ်ဖွန်အနေဖြင့် ခွင့်မလွှတ်နိုင်သောလူမှုရေး ကိစ္စရပ်များကို ကျူးလွန်ထွက်ခွာသွားခြင်းအတွက် မသစ်သစ်ဖွန် ဆောင်ရွက်လုပ်ကိုင်ခဲ့သမျှ ကိစ္စအရပ်ရပ်ကို ဦးကျော်သီဟ အနေဖြင့် သိရှိခြင်းမရှိ၊ ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်း မသစ်သစ်ဖွန်၏ ကိစ္စအရပ်ရပ် ကို တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ခင်၊ တရားလွှတ်တော်ရှေ့နေ
အမှတ်စဉ် ၂၅၈၁ (၂၁.၅.၁၉၈၄)
အမှတ်(၂၄၁) (၃၃)လမ်း၊ ပဲခူးမြို့

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက ရွှေညောင် Grade-11 (B)မှ မနန်းခမ်းလောင်(ဝ်)၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင် ၁၃/တကန(နိုင်) ၀၄၀၇၆၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက ရွှေညောင် Grade-11 (B)မှ မောင်ရာဇာမင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းကိုကို ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၂၇ᵃ)၊ ဧရိယာ (၀.၀၆၄)ဧကအား ဒေါ်ဆုမွန်အောင် (ဘ) ဦးလူခွေးခွေး(ခ)ဦးမောင်မောင်စိန် ၉/တကန(နိုင်)၂၀၃၃၈၈မှ တပ်ကုန်းမြို့နယ်မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၇၃၄/၂၀၂၆) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၉)၊ ပင်းယလမ်း၊ မြေကွက်အမှတ် (၉၁၃/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်သောင်းတင် (၁၂/သကတ(နိုင်) ၀၀၃၂၀၃) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမိုးကျော်အောင်(၁၂/တမန (နိုင်)၀၀၅၂၆၂) နှင့် ဒေါ်သက်နွယ်စိုး(၁၂/သကတ(နိုင်)၁၂၇၀၀၁)တို့ထံမှ ကျွန်မ ဒေါ်နီနီရွှေ (၁၂/သဃက (နိုင်) ၁၆၅၉၈၅)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီရွှေ (၁၂/သဃက (နိုင်) ၁၆၅၉၈၅)
၀၉- ၄၂၅ ၃၀၇ ၂၇၃ ၊ ၀၉- ၇၄၀ ၉၆၃ ၄၇၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မီးသတ်ကန်လမ်း၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၁၆/၂)၊ မြေကွက်အမှတ်(ခ/၅၂၄)၊ ဧရိယာ(၀.၀၄၄)၊ ဂရန်အမှတ်တွဲ အမှတ်-RPNO-၁၂၀/V/၂၀၁၄-၁၅အရ ဗိုလ်မှူးမောင်မောင်ဌေး(ငြိမ်း)အမည်ပေါက်၊ ဦးပိုင်အမှတ်(၁၆)၊ မြေကွက် အမှတ်(ခ/၅၂၃)၊ ဧရိယာ(၀.၀၁၁)ဧက၊ ဗကတင်မြင့်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးအေးသန့်(၁၂/မရက(နိုင်)၁၂၁၃၇၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော (၁)ဦးခွင်းဟိတ်(၁/မကတ(ပြု)၀၀၀၂၃၇)၊ (၂) ဒေါ်ဟွမ်းဖင့်(ခ) ကြည်ကြည်လွင်(၁/မညန(ဧည့်)၀၀၀၁၅၃) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်** (LL.B, DBL, DIPL, DIL)( စဉ်-၁၄၆၆၈)
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်** (LL.B,DIPL)(စဉ်-၁၈၇၂၆)
**ဒေါ်ခင်သီတာမြင့်အောင်** (LL.B,DBL)(စဉ်-၂၀၀၇၈)

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း- ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂၆)၊ ပုဂံလမ်း၊ မြေကွက်အမှတ် (၁၃၆) ဟုခေါ်တွင်သော မြေကွက်သည် သက်ဆိုင်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးခင်မောင်ဝင်း (AF 064792) အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး၊ အကျယ်အဝန်း အလျား x အနံ (ပေ ၄၀ xပေ ၆၀ ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမောင် (၁၃/တကန(နိုင်) ၀၇၄၀၆၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဒေါ်ဆွေဆွေလင်း (၁၂/ရကန(နိုင်)၀၇၃၈၉၆) နှင့် ဒေါ်လင်မေလင်း (၁၂/ရကန(နိုင်)၀၀၁၃၉၃) တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သက်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)**
**အမှတ်(၃)၊ မြေညီထပ်၊ မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၁၈၈၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၇၉၊ ရွှေစံပယ်လမ်း၊ မြေကွက်အမှတ် (၁၄၈၉)၊ အကျယ် (ပေ၄၀ x ပေ ၆၀) ရှိ ဦးမောင်တင် (ဘ) ဦးစိန်ထွန်း (CD -021171) အမည်ပေါက် မြေချပါမစ်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် (မြေကွက်အမှတ်- ၁၄၈၈ နှင့် ကပ်လျက်) အကျယ် (ပေ၂၀xပေ ၆၀) ရှိ မြေကွက်ကို ဦးကျော်လှိုင် (၁၁/မအန (နိုင်) ၀၅၆၁၉၃)၊ နှင့် ဒေါ်ဇင်မာမြင့် (၁၁/မအန(နိုင်)၀၆၃၃၃၇)၊ တိုက်-၇၊ အခန်း-၀၀၁၊ ၂-လမ်း (အေ)၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေသူတို့မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပြီး၊ မြေချပါမစ်မူရင်း (၂) ရွက်နှင့်တကွ လက်ရှိပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင် LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**(တရားလွှတ်တော်ရှေ့နေ)( စဉ်- ၈၀၂၁)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)(စဉ်- ၁၃၀၈၈)**
**အမှတ်- ၅၈၁၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဖုန်း- ၀၉-၅၁၉၇၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁/သမိုင်း)၊ မြေကွက်အမှတ် (၃/A-၁၂)၊ ဧရိယာ (၀.၁၁၄)ဧက မြေကွက်တည်နေရာ အမှတ် (၃/A-၁၂)၊ တော်ဝင်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ရင်ရင်မွန် (၁၂/ကမတ (နိုင်) ၀၄၇၄၀၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်ရင်ရင်မွန်သည် (၈-၁၀-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဦး (၁၂/ရကန (နိုင်) ၀၂၈၈၀၁)မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ အခြားသော ခင်ပွန်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သူကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေဆုံးမှုလက်မှတ်၊ သန်းခေါင်စာရင်း၊ နှစ်(၆၀)မြေငှားဂရန်တို့ကို တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင် ဦးလှဌေး နှင့် မိခင် ဒေါ်အေးအေးမြင့် တို့၏သားဖြစ်သူ မောင်ငြိမ်းချမ်းသူ (၁၂/ရကန(နိုင်)၀၈၇၀၂၄)အား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ(၁၈)လမ်း၊ အမှတ်(၁၀၂၀/ခ)နေ (ဘ) ဦးလှဌေး (မိ)ဒေါ်အေးအေးမြင့် တို့၏သားဖြစ်သူ မောင်ငြိမ်းချမ်းသူ (၁၂/ရကန(နိုင်)၀၈၇၀၂၄)သည် မိဘများ၏ ပြောဆိုဆုံးမသည့် စကားများကို အကြိမ်ကြိမ်အခါခါ နားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် လုပ်ဆောင်နေသည့်အပြင် မိဘများ သဘောမတူညီသည့်ကိစ္စရပ်များကို မိမိသဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်နေပါသောကြောင့် ယနေ့မှစ၍ မောင်ငြိမ်းချမ်းသူအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

နောက်နောင်၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ကျောင်းကုန်းမြို့၊ အမှတ် - ၂ ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးအောင်ကျော်ဆန်း (ဘ)ဦးထွန်းစိန် (၁၄/ကကန(နိုင်) ၀၇၃၀၀၈)နှင့် ဇနီးဖြစ်သူ ဒေါ်စန်းဝေ (ဘ)ဦးလှခင် (၁၄/ကကန(နိုင်)၀၆၉၃၂၃) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ ကိုအောင်ကိုကို (ဘ) ဦးအောင်ကျော်ဆန်း (၁၄/ကကန(နိုင်)၁၂၀၈၈၁) သည် မိဘညီအစ်ကို မောင်နှမများ၊ ဂုဏ်သိက္ခာကို ကျဆင်းအောင် အရှက်ရအောင် အမျိုးမျိုးပြုလုပ်ပြီး မိဘများ၏စကားကို နားထောင်ခြင်းမရှိသဖြင့် ကိုအောင်ကိုကိုအား မိဘများမှအမွေပြတ်စွန့်လွှတ်ပြီး နေအိမ်မှ နှင်ချထားပါသည်။ နောက်နောင် ကိုအောင်ကိုကိုနှင့်ပတ်သက်သည့် ငွေကြေးကိစ္စ အရှုပ်အရှင်းတစ်စုံတစ်ရာနှင့် မည်သူတစ်ဦးတစ်ယောက်ထံမှမဆို ငွေကြေး ချေးငှားခြင်း ဝယ်ယူရောင်းချခြင်း၊ အာမခံပေးခြင်း၊ စရန်ငွေယူခြင်းနှင့် မည်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကတိကဝတ်ကိုမဆို မိဘ ညီအစ်ကို မောင်နှမများ၏ ခွင့်ပြုချက်မရှိဘဲ မိသားစုအမည်ကို သုံးစွဲ၍ ပြုလုပ်ပါက မိမိတို့၏ အစီအစဉ်သာဖြစ်ပြီး မိဘ ညီအစ်ကို မောင်နှမများမှ (လုံးဝ) တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် မိဘ ညီအစ်ကို မောင်နှမများနှင့် (လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကိုအောင်ကိုကိုအား မိဘများမှ အမွေပြတ်စွန့်လွှတ်ထားပြီးဖြစ်သဖြင့် အများပြည်သူနှင့် အသိမိတ်ဆွေများအနေဖြင့် ၎င်းနှင့်ငွေကြေး/စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းများ (လုံးဝ)မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဆန်းနှင့် ဒေါ်စန်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာနိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၉၃၁၆)**
**အမှတ်(၂)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ ကျောင်းကုန်းမြို့၊**
**ဖုန်း(၀၉-၇၇၃၃၈၄၉၅၈)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/6980, Suzuki Smash -110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မျိုးထက် ၁၄/မအန(နိုင်) ၂၆၀၂၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/8077 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၃/တကန(နိုင်)၂၂၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၉၄၃၇၆, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခေးရှဲန် ၁၃/ကတန(နိုင်)၁၉၈၄၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/32329, STREAM II 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဝင်း ၈/ပခက(နိုင်)၂၁၉၃၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ ကရဏာလမ်းမ၊ မြေကွက်အမှတ်(၂၅)၊ ဧရိယာ(ပေ ၄၀ x ပေ၆၀ )ရှိ ဦးသိန်းညွန့် (၁၂/လမန(နိုင်)၀၈၄၆၀၆)အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးအောင်နိုင်ဝင်း (ခ) ကျန်ကျီးချန် (၁၃/လရန(နိုင်) ၁၆၉၀၄၅)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ရန်ဆွေကျွမ်(ခ) သက်သက်ဝင်း (၁၃/တမည(နိုင်)၀၀၆၄၂၄) က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါသောကြောင့် အထက်ပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့် မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ပိုင်ကို (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)
**ဦးမင်းခန့်ကျော် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း ၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၁၇၁၀)၊ အကျယ်အဝန်း(အလျား ပေ၄၀ x အနံ ပေ ၆၀ )ရှိ ဦးမောင်ထွေး(ISN-၄၆၁၃၁၉) အမည်ပေါက် မြေချပါမစ်အမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် ပါမစ်မူရင်းစုံ(၄)ရွက်၊ အဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများအပါအဝင် ၎င်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အုန်းမြင့် (၁၂/ရကန(နိုင်)၀၅၉၇၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက ရွှေညောင် Grade-12 (C)မှ မောင်စိုးကျော်ဝင်းသူ၏ အမည်မှန်မှာ မောင်ကျော်ဝင်းသူ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ အထက (ခွဲ) အမှတ် (၇)ကျောင်း Grade-7 မှ မောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးသူကိုလွင် ၇/ကဝန(နိုင်)၁၉၀၉၄၄ ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် **တာချီလိတ်မြို့၊ မယ်ဆိုင်ချောင်းကမ်းထိန်းနံရံတည်ဆောက်ခြင်း(၁၃၅၀')လုပ်ငန်း** ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၂၆ ရက် (သောကြာနေ့)

(ခ) **တင်ဒါပိတ်မည့်ရက်** - ၆-၈-၂၀၂၆ ရက် (ကြာသပတေးနေ့)

(ဂ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၇-၈-၂၀၂၆ ရက် (သောကြာနေ့)၊ ညနေ(၁၆:၃၀)နာရီ

(ဃ) **တင်ဒါဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

၂။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း(ရုံးပိတ်ရက်မပါ) ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနခွဲ(၃)၊ ဌာနစု(၆)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၄၇**

ဦးကျော်စွာ **နှင့်** ၁။ လှိုင်မျိုးကျော်
၂။ ဖွဲ့မောင်မောင်
(၄င်း၏နီးစပ်ရာမိတ်ဆွေဦးသန့်ဇင်ဦး)
၃။ ဦးသန့်ဇင်ထွေး

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ ကျုံပျော်ခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်အမှတ်(၃)ဦးသန့်ဇင်ထွေး ဇရပ်လှ ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ရေဝတီတိုင်းဒေသကြီးနေ (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို ဦးကျော်စွာက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ဤအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ -၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်၊ ကွင်း/ အကွက် အမှတ် (၂၈/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ်(၃၅၅)၊ ဧရိယာ(၀.၁၂၄) ဧကရှိ ဝင်းမြေအား ဦးဒါးလ်မွန်းပြောင် (၅/ကလထ(နိုင်)၂၀၈၃၅၂) သည် ၎င်းအမည် ပေါက်မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက် အတွင်းပိုင်ဆိုင်မှု အထောက်အထားစာချုပ်/ စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရိုထန်းပွီးယာ B.A., PGDL., LL.B(Q).**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၈၇၄၀/ ၂၀၂၃**
**အမှတ်(၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၀၀၅၀၃၁၇၉/၀၉-၉၇၉၀၈၇၄၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ် (၂၈/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ် (၃၄၉)၊ ဧရိယာ(၀.၀၉၀ ) ဧကရှိ ဝင်းမြေအား ဦးဒါးလ်မွန်းပြောင် (၅/ကလထ(နိုင်)၂၀၈၃၅၂)သည် ၎င်းအမည် ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရိုထန်းပွီးယာ B.A., PGDL., LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၀/ ၂၀၂၃)**
**အမှတ်(၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၀၀၅၀၃၁၇၉/၀၉-၉၇၉၀၈၇၄၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/78007 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇင် ၇/ပခန (နိုင်)၄၂၁၄၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/96046, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းလင်းအောင် ၁၄/လမန (နိုင်)၀၉၆၅၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ဟင်္သာတ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၅**

ဦးခင်မောင်စိုး **နှင့်** ဗိုလ်မှူးညွှန့်ဖေ(အငြိမ်းစား)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၅)၊ ၅၃x၅၄ လမ်းကြား၊ ၁၀၉ x ၁၁၀ လမ်းကြားနေ ဗိုလ်မှူးညွှန့်ဖေ(အငြိမ်းစား) (ဘ) ဦးကြင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးခင်မောင်စိုး က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(ဒီ)၊ ဦးပိုင်အမှတ် (၁၀၉+၁၁၄)၊ ဧရိယာ (၀.၀၆၂၀)ဧကအကျယ်အဝန်းရှိဗိုလ်မှူးညွှန့်ဖေ(အငြိမ်းစား)အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက (၁၁) အခြေခံပညာအလယ်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မယွန်းရွှေစင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်း အရ ဦးဝင်းမြို့အောင် ဖြစ်ပါကြောင်း။

**ဦးဝင်းမြို့အောင်**
**၈/ပခက(နိုင်)၃၀၄၃၉၃**

## ပျောက်ဆုံးကြောင်း

ဦးဇင်သူ ၇/ပခန(နိုင်) ၃၃၈၀၇၁ ၏ (5A/4435)မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဝယ်ယူခွင့် အနီရောင်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၇၄၅၅၈၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဝေါအရှေ့ကျောင်း Grade-12 မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန် မှာ ဦးစန်းအေး ၇/ဝမန(နိုင်)၀၈၉၁၆၃ ဖြစ်ပါကြောင်း။

**ဦးစန်းအေး**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း Grade-9 (B) မှ မောင်သော်ဇင်ဝင်းထွဋ်၏ ဖခင် ဦးသိန်းစံ၏ အမည်မှန်မှာ ဦးသိန်းဇံ ၈/ပခက(နိုင်)၀၀၃၅၀၅ ဖြစ်ပါကြောင်း။

**ဦးသိန်းဇံ**
**၈/ပခက(နိုင်)၀၀၃၅၀၅**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အလက (ရွှေပြည်အေး) Grade-5 မှ မောင်ကျော်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးဟိန်းဇော်ဝင်း ၁၀/မလမ(နိုင်) ၂၁၂၀၇၃ ဖြစ်ပါကြောင်း။

**ဦးဟိန်းဇော်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် (၉၁၄)၊ ဦးပိုင်အမှတ်၊ (F-၄၈၂/၈၀၉)၊ မြေဧရိယာ(၀ဒသမ၁၄)ဧကရှိ မြေကွက်ကို မြို့နယ်ပညာရေးမှူးရုံး အမည်ဖြင့် (၁၃-၆-၂၀၁၄) ရက်မှ (၁၂-၆-၂၀၄၄) ရက်အထိ နှစ်(၃၀) ဂရန်ရရှိထားပြီး အဆိုပါဂရန်မှာ ပျောက်ဆုံးပျက်စီးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုနိုင်ပါရန် ဒေါ်အေးဆုမွန်ထွန်း ၉/တတဥ(နိုင်)၀၇၆၈၆၃၊ ငါန်းဇွန်မြို့နယ်ပညာရေးမှူးရုံးက လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် မည်သူမဆို (၂၀-၈-၂၀၂၆)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်မတိုင်မီ ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ငါန်းဇွန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

